# စာတန်၏ ဥယျာဉ်

ဗရမ်ဟမ်တဲတော်၊ ဂျက်ဖာဆွန်ဘေးလီး၊

၆၅ - ၁၈၂၉

1 ၁။ ကျွန်တော်တို့အားလုံး ခေါင်းငုံ့ ပြီးတော့ ဆုတောင်းကြပါစို့။ ဘုရားသခင် ကိုယ်တော်ရှင်ကို ဒီနေ့ညအ တွက် ဒီလိုအခွင့်အရေးကြီးရတဲ့အတွက်ကျေးဇူးတင်ပါတယ်။ သခင်ယေရှုနာမ၌ ကျွန်တော်တို့ တစ်ဖန် ပြန်လည် ရောက်ရှိလာကြရပြီးတော့ရန်သူနဲ့ တွေ့ဆုံရမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ ရန်သူဖြစ်ပါတယ်။ ကွင်းထဲမှာ ဝိညာဉ်တိုက်ပွဲရှိနေပါတယ်။ နှုတ်ကပတ်တော်နဲ့ တိုက်ခိုက်ရတာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ လူတွေထဲကနေသူတို့ကို မောင်းထုတ်ဘ့ို ဖြစ်ပါတယ်။ ဒီညကိုယ်တော်ရှင် ဧဝံဂေလိတရားရဲ့ အလင်းကို သူတို့ ့တွေ့မြင်ပါစေ။ သူတို့ရဲ့မျက်လုံးတွေအားလုံးကို ကိုယ်တော်ရှင် ဘိသိတ်ပေးပြီး မျက်စဉ်းခတ်ပြီးတော့သမ္မာတရားအတွက်မျက်လုံးတွေပွင့်ပြီး ဒီနေရာကနေ ထွက်ခွာခွင့်ပေးတော်မူပါ။ နှလုံးသားထဲမှာလည်းဒီလမ်း တစ်လျှောက် အတွက်ကိုယ်တော်ရှင်ကို ပြောဆိုဘ့ိုအတွက် ကျွန်တော်တို့ နှလုံးသားတွေတောက်လောင်နေပါ တယ်။ အနာရောဂါဖြစ်တဲ့သူတွေကို အနာရောဂါ ငြိမ်းစေပါ။ စိတ်နှလုံး ကြေကွဲတဲ့သူတွေကိုလည်းစိတ်နှလုံး ခွန်အားကို ပေးတော်မူပါ။ စိတ်ဓါတ်ကျနေတဲ့သူတွေကို ခွန်အားပေးပြီး နှိမ့်ကျနေတဲ့တုန်ယင်နေတဲ့ လက်တွေ ကိုတစ် ဖန်ပြန်လြည်ပီးတော့ ခွန်အားနဲ့ ပြည့်စုံစေပါ။ သခင်ယေရှုကြွလာတော်မူမဲ့လမ်းကို ကျွန်တော်တို့မျှော် ကြည့်ပြီးတော့ ကျွန်တော်တို့ ယုံကြည်နိုင်ဘို့ မစတော်မူပါ။ ယေရှုနာမ၌ဆုတောင်းပါတယ်။ အာမင်၊

ထိုင်နိုင်ပါပြီ။

2 ၂။ ယနေ့ညကျွန်တော် အတိုချုပ်ဘို့ ကြိုးစားပါမယ်။ ဘာကြောင့်လဲဆိုတော့လူတွေက တော်တော်များ များကနိုင်ငံရဲ့နေရာဒေသ အသီးသီးက လာကြပါတယ်။ ဝြတ်ပုကိုးကွယ်ဘို့ ဒါမှမဟုတ် သူတို့ ဒီနေရာမှာလာနေဘို့ပြီးတော့လည်း ပြန်သွားရမှာ ဖြစ်ပါတယ်။ ပြန်သွားဘို့လည်း လမ်းတွေအများကြီး ရှိနေမှာဖြစ်ပါ တယ်။ ခင်ဗျားတို့ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဒီမနက် ဘရာသာနက်ဗီးလ် တရားဟောတာကိုကျွန် တော် ကိုယ်တိုင်ကြားချင်ပါတယ်။ ကြိမ်ဖန်များစွာ ကျွန်တော် ကြားခဲ့ပြီးဖြစ်ပါတယ်။သူ့ကို ကျွန်တော် အရမ်းဘဲ လေးစားပါတယ်။ ဒီမနက်အချိန်နဲ့ တပြေးညီဖြစ်တဲ့သတင်းစကားကိုဘုရားသခင် လမ်းပြမှုအတိုင်းဘဲ ကျွန် တော်ပြောပြမှာ ဖြစ်ပါတယ်။ သိပ်ကောင်းပါတယ်။ ကျွန်တော်တွေ့မြင်တဲ့အရာက ခင်ဗျားတို့လူတွေ လာပြီး နားထောင်ကြတာဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကအမြဲတမ်းကောင်းတဲ့အရာတွေကိုဘဲ ပြုလုပ်ပါတယ်။ ကိုယ်တော်ရှင်ကို နားထောင်ရမှာ ဖြစ်ပါတယ်။

3 ၃။ ကျွန်တော်ဒီနေ့ တွေ့ဆုံမေးမြန်းမှုတွေကို ခံရပါတယ်။ ဒီမနက်၊ ဒီနေ့လည် တစ်ချိန်လုံး ကျွန်တ့်ကိုလိုက်ပြီးတော့ မေးမြန်းနေကြပါတယ်။ ဒါပေမဲ့လည်း ကျွန်တော် သွားဘို့နေရာတွေ အများကြီးရှိနေပါသေး တယ်။

ကျွန်တော် ယုံကြည်တဲ့အတိုင်းဘဲ ဂျက်သရိုကတစ်ချိန်က မောရှေကို ပြောခဲ့ပါတယ်။ ခင်ဗျားတို့အတွက် သိပ်များနေပြီလို့ ဆိုပါတယ်။ ကျွန်တော်တို့ညီကိုတွေများစွာ ရှိပါတယ်။ ပြဿနာတွေပေါင်းများစွာအတွက် ဘဲဖြစ်ပါတယ်။ သူတို့ တစ်ယောက်စီမှာတော့သူတို့ ကြည့်ရှုရမဲ့အရာတွေ အများကြီးရှိပါတယ်။ ကျွန်တော် တို့ရဲ့သင်းအုပ်ဆရာ၊ ဒါမှမဟုတ်ဘရာသာမန်းန်ကို ကျွန်တော် ထောက်ခံပေးမှာ ဖြစ်ပါတယ်။ တစ်ခြား ညီအစ် ကိုတွေ ဘုရားအမှုတော်ဆောင်တွေကိုလည်းကျွန်တော် ထောက်ခံပေးမှာ ဖြစ်ပါတယ။် သူတ့ိုသွားလို့ရပါတယ်။ ဘာလုပ်ရမလဲဆိုတာ သူတို့ပြောမှာပါ။ တစ်ချို့လူတွေ သူတို့ ကလေးတွေ တံဘိုးမညီဘဲနဲ့ အိမ်ထောင်ကျထား တာတွေ မှားယွင်းတဲ့အရာတွေအဲဒါတွေကို သူတို့ ထောက်ပြပေးနိုင်မှာ ကူညီပေးနိုင်မှာဖြစ်ပါတယ်။ ဘာဖြစ် လို့လဲဆိုတော့သူတို့လည်း ခရစ်တော်ရဲ့ အစေခံတွေ ဖြစ်လိ့ုပါဘဲ။ သူတို့ဆီကို သွားပါ။ သူတို့ခင်ဗျားတို့လိုအပ် တာတွေကို ကူညီပေးနိုင်မှာပါ။ ကျွန်တော်ကတော့ အားလုံးကို ကျွန်တော် တစ်ယောက်ထဲမလုပ်နိုင်ပါဘူး။ ဘယ် နေရာဘဲသွားသွား အရမ်းများပြားနေပါတယ်။ အလုပ်တွေ သိပ်များနေပါတယ်။ ပိုပြီးတော့ပိုပြ်းီတော့ မြင့် မားလာပါတယ်။ သင်က သူတို့ထံကို တစ်ယောက်ချင်းစီ ရောက်ချင်ပါတယ်။ဒါပေမဲ့လည်း သင်မလုပ်နိုင်ပါဘူး။ ကျွန်တော် အမြဲတမ်း ဆုတောင်းနေပါတယ်။ ခင်ဗျားတို့အားလုံးအတွက်အဆင်ပြေမဲ့အရာကို ဘုရားသခင် ပြင်ဆင်ပေးဘို့ဘဲဖြစ်ပါတယ်။

4 ၄။ ကျွန်တော်တို့ယနေ့ည သမ္မာကျမ်းစာကို ဖတ်ပါမယ်။ (ကမ္ဘာဦးကျမ်း ၃)ဖြစ်ပါတယ်။ အဲဒီအကြောင်း အရာနဲ့ပတ်သက်လို့ကျွန်တော်ပြောမဲ့အရာတွေကို ပြီးခဲ့တဲ့အရာတွေ အားလုံးကအစ နဲနဲထပ်ပြီးတော့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော် ဆုတောင်းပါတယ်။ ကိုယ်တော်ရှင် အလိုတော်ရှိလိမ့်မယ်လို့ ကျွန်တော် ဆုတောင်းပါတယ်။ (ကမ္ဘာဦး ၃ ်း၁ကနေပြီးတော့စဖတ်မှာ ဖြစ်ပါတယ်။) မြွေသည် အရှင်ထာဝရဘုရားသခင် မိန့်တော်မူသော မြေတိရိစ္ဆာန်တကာတို့ထက် လိမ်မာသည်ဖြစ်၍ မိန်းမအား သင်သည် ဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကိုမစားရဟု ဧကန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော ဟု မေး၏။မိန်းမက ငါတ့ိုသည် ဥယျာဉ်၌ ရှိသမျှသောအပင်တို့၏အသီးကို စားရသောအခွင့်ရ၏။ ဥယျာဉ်အလယ်ရှိသောအပင်၏အသီးကိုကား သင်တို့သည် မကိုင်မစားဘဲ နေကြလော့။ သို့မဟုတ်သေမည်ဟု ဘုရား သခင်မိန့်တော်မူသည်ဟု မြွေအားဆို၏။ မြွေက သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်။ အကြောင်းမူကား ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျှက်သင်တို့သည် ကောင်းမကောင်းကို သိပြီး ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့သည်ကို ဘုရားသခင်သည် သိတော်မူသည်ဟုမိန်းမအားဆို၏။ ထိုအပင်သည် စားဘွယ် ကောင်းခြင်း၊ အဆင်းလည်းလှခြင်း ပညာတိုးပွားစေလိုသော ဇာနှစ်သက်ဖွယ်သော အပင်ဖြစ်ခြင်းကို မိန်းမ သည်မြင်လျှင်အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍သူသည် စား၏။ ထိုသူနှစ်ယောက် တို့ သည် မျက်စိပွင့်လင်း၍မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင်မိမိတို့ဝတ်ဘို့ သင်္ဘောသဖန်းပင် အရွက်တို့ကိုချုပ်စပ်၍ခါးစည်းတို့ ကိုလုပ်ကြသည်။

5 ၅။ ဘုရားသခင်နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းအားဖြင့် ကိုယ်တော်ရှင်ရဲ့ကောင်း ချီးမင်္ဂလာ သက်ရောက်ပါစေ။ဒီနေ့ည ကျွန်တော် နှုတ်ကပတ်တော်ကို ဖတ်ရှုမှာ ဖြစ်ပါတယ်။ စာတန်ရဲ့ဧဒင်ဥယျာဉ်ဖြစ်ပါတယ်။ပြောရ မယ်ဆိုရင်စာတန်ရဲ့ ဥယျာဉ်ဘဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့

တနင်္ဂနွေနေ့ညက ကျွန်တော်စဉ်းစားတတ်သူရဲ့ရေစစ် အကြောင်းကိုပြောပါတယ်။ သန့်ရှင်းတဲ့သူရဲ့အရသာဘဲ ဖြစ်ပါတယ်။

တခါတလေ ဒီလိုထူးခြားတဲ့အရာလေးတွေဟာ ကျွန်တော်တို့လေ့လာဘို့အတွက် ဘုရားသခင်ရဲ့နှုတ် ကပတ်တော်ကို ဖတ်ရှုလေ့လာဘို့အတွက် ဖြစ်လာပါတယ်။ ကျွန်တော့်ပရိတ်သတ်တွေအားလုံး အဲဒါကို လုပ် စေချင်ပါတယ်။ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်ဟုဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အားဖြင့် အသက်မွေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့နှုတ်ကပတ်တော်ကို ဖတ်ပါ။ လေ့လာပါ။ ဘုရားသခင် ရဲ့မျက်လုံးတွေနဲ့ လေ့လာပါ။ သင့်ရဲ့အသိညဏ်နားလည်မှုတွေကိုသင့်ကိုပေးမှာဖြစ်ပြီးတော့ ဒီနေ့ရက်ကာလ အထိ အသက်ရှင်နေနိုင်မှာ ဖြစ်ပါတယ်။

6 ၆။ ဒီညသင်တို့ကို ပြောလိုတဲ့အရာကတော့ ကျွန်တော် ဒါလုပ်နိုင်တယ်၊ ဟိုဟာ လုပ်နိုင်တယ်။ စသည်တို့ဘဲဖြစ်ပါတယ်။

လူတွေနဲ့ စကားပြောချင်ပါတယ်။ ဒီနေ့ည ကျွန်တော်တို့အိမ်ပြန်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စကားပြောသလိုဘဲ ပြောချင်ပါတယ်။ ဘုရားသခင်က အမှန်တရားကိုသိပါတယ်။ ခင်ဗျားတို့ တစ်ယောက်စီနဲ့ အတူ ကျွန်တော် အိမ်ပြန်ချင်ပါတယ်။ မနက်စာ အတူတူစားမယ်။ရှဉ့်ကလေးတွေ လိုက်ဖမ်းမယ်။ နောက်တစ် နေ့ နေ့လည်ဆိုရင် ရှဉ့်ကလေးတွေ လိုက်ဖမ်းချင်ပါတယ်။ဒါပေမဲ့ ကျွန်တော် မလုပ်နိုင်ပါဘူး။ ကျွန်တော် အိမ်ပြန်ရမယ်။ ထိုင်ရမယ်။ ခင်ဗျားတို့နဲ့စကားပြောမယ်။ ဝတ်ပြုစည်း ဝေးပြီးတဲ့အခါမှာ လေသာဆောင် အောက်မှာ ထိုင်နေပြီးတော့ ခင်ဗျားတို့နဲ့စကားပြောရမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့ကိစ္စတွေ ဘုရားသခင် အကြောင်း ကျွန်တော် ပြုလုပ်လိုပါတယ်။မိန်းမတွေ၊ ယောကျ်ားတွေ ဒီအထဲမှာ ရှိပါတယ်။ ဘုရားသခင် ကလည်း အဲဒါတွေကို လုပ်နိုင်တယ်ဆိုတာသိပါတယ်။ ဒါပေမဲ့လည်း ကျွန်တော် မလုပ်နိုင်ပါဘူး။ အဲဒါကတော့ ဆွဲအား တစ်မျိုးဖြစ်ပြီးနာကျဉ်စေပါတယ်။

7 ၇။ အခုကျွန်တော်တို့အသက်ရှင်နေထိုင်သော စိတ်လှုပ်ရှားဘွယ်ခေတ်ကာလကြီးမှာ ကျွန်တော် ကိုယ် တိုင်လည်း စိတ်အင်မတန်လှုပ်ရှားနေတဲ့ လူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်စိတ်နှလုံးကို တစ်ခုခုအတွက်ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော် လုပ်ဘို့လည်း လိုပါတယ်။ နောက်ပြီးတော့ မနက်ဖန်မှာမိုင်သန်းပေါင်းများစွာ ကျွန်တော်နဲ့ ဝေးကွာလျှက်ရှိပါတယ်။ တစ်စုံတစ်ခုသောအရာက ဖြတ်တောက် ဝင်ရောက်လာပြီးတော့ ထိုအရာ၊ ဤအရာစသည်တို့ အားလုံးကို ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ။်သင့်ထံမှာ အချိန်ရှိပါတယ်။ ခင်ဗျားတို့ အတူတကွ နေထိုင်နိုင်အောင် ကြိုးစားဘို့ဘဲ ဖြစ်ပါတယ်။

8 ၈။ ကျွန်တော်ရဲ့အဓိက အောင်မြင်ဘို့ကတော့ ဧဝံဂေလိတရားကို ဟောပြောဘို့ဘဲ ဖြစ်ပါတယ်။ အသင်း တော်မှတဆင့်ဟောပြောဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ။် ဒီနေ့ သခင်ခရစ်တော်ကို ဘုန်းထင်ရှားစေတဲ့ အရာ အားလုံးကိုကျွန်တော် လုပ်နိုင်သလောက် လုပ်သွားဘို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော် ဒီကမ္ဘာလောကကြီးပေါ်မှာရှိနေစဉ် အခါမှာ ကမ္ဘာလောကကြီးပေါ်မှာ ချန်ထားခဲ့နိုင်တဲ့အရာကတော့ ဒီအချိန်ဘဲဖြစ်ပါတယ်။ခင်ဗျားတို့ထံ ကို ကျွန်တော် ရောက်လာပြီး တစ်ခုခု ပြောပြီးတော့ ခင်ဗျားတို့ကို အထောက်အကူဖြစ်စေဘု့ိဘဲဖြစ်ပါတယ်။ ဒီမနက် ကျွန်တော် အိမ်မပြန်သွားခင်မှာ ကျွန်တော် စာတွေကို ဖတ်ရှုလေ့လာပါတယ်။ဒီည ကျွန်တော် ဘာပြောရမလဲ ကိုယ်တော်၊ လူတွေကို အထောက်အကူပြုရမဲ့အရာ ဘာလုပ်ရမလဲလို့ကျွန်တော်ကိုယ်တော်ရှင် ကို မေးပါတယ်။

ဒီမနက် အင်မတြန်ကီးမားတဲ့သတင်းစကားကို နားထောင်ရင်းနဲ့ဘရာသာနက်ဖီးလ်ကနေ ကျွန်တော် တု့ိကို ပြောပြမဲ့သတင်းစကားဘဲ ဖြစ်ပါတယ်။ အဲဒါအရမ်း နှစ်သက်စရာကောင်းတယ်လို့ ကျွန်တော် စဉ်းစား မိပါတယ်။ သူဘာပြောသလဲ ဆိုတော့ ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကိုရောဂါရှာဖွေကုသပေးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီလူတစ်ယောက်က အပင်တွေနဲ့ ပြည့်နေတဲ့ဒယ်အိုးတစ်လုံးကို ယူလာတယ် ဆိုရင် သူကဆေးထိုးပေးမှာ ဖြစ်ပါတယ်။ တစ်ကယ်ကို ချစ်စရာကောင်းတဲ့အပြုအမူဘဲ ဖြစ်တယ်လို့ ကျွန်တော် စဉ်းစားမိပါတယ်။ အဲဒီအကြောင်းကို ကျွန်တော် စဉ်းစားမိပါ်တယ်။စီလန်ကို ယူလာမှာ ဖြစ်ပါတယ်။ သွေး ရည်ကြည်ဘဲ ဖြစ်ပါတယ်။ အဲဒီရောဂါ ကုသပြီးနောက်ပိုင်းမှာဘဲဖြစ်ပါတယ်။ အဲဒါ အင်မတန် ကောင်းမွန်တဲ့အ ရာဘဲ ဖြစ်ပါတယ်။

9 ၉။ ခင်ဗျားတို့ကိုကျွန်တော် တစ်ခုပြောချင်ပါတယ်။ ဘုရားသခင် ဒီခေတ်ကာလအတွက် ဂတိပေးထား တဲ့အရာကိုတစ်ကယ်ဘဲအလင်းဖြစ်စေဘို့ဘဲ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သောသူက တစ်နေ့သောအချိန် အခါမှာ အားလုံးအဆင်ပြေသွားတဲ့အခါမှာ အဲဒီအရာအားလုံးကို ကျွန်တော်တို့ ရည်ညွှန်းမှာ ဖြစ်ပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ခင်ဗျားတို့ စိတ်နှလုံးထဲကို ကျွန်တော် တစ်ခုခုကို ယူလာဘို့ဘဲ ဖြစ်ပါ တယ်။ ဒီကျမ်းချက်တွေနဲ့အတူရေးသားထားတဲ့အတိုင်းဘဲ ဖြစ်ပါတယ။် ခင်ဗျားတို့ အလင်းရစေဘ့ုိအတွက်ဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ကပိုပြီးတော့ တော်တဲ့စစ်သားကောင်းတွေ ဖြစ်လာပြီးတော့ ဆက်လက် တိုက်ပွဲဝင် နိုင်မှာ ဖြစ်ပါတယ်။ရန်သူရဲ့ နည်းဗျူဟာတွေကိုလည်း သိဘို့ဘဲ ဖြစ်ပါတယ်။ အဲဒါမှ ခင်ဗျားက ခင်ဗျားကို တိုက်ခိုက်လာတဲ့ဘယ်နေရာကမဆို ခင်ဗျားက ပြန်လည်ပြီး ခုခံနိုင်မှာ ဖြစ်ပါတယ်။ အဲဒါ အဓိက အချက်ဘဲဖြစ်ပါ တယ်။ သင်ယူဘို့လိုတဲ့အရာဖြေ်စ်ပီးတော့ ခင်ဗျားတို့ကို တိုက်ခိုက်မဲ့အရာကို အတတ်နိုင်ဆုံးခင်ဗျားတို့ ပြန် လည်ပြီး ချေမှုန်းနိုင်ဘို့အတွက်ဘဲ ဖြစ်ပါတယ်။

10 ၁၀။ နောက်ပြီးတော့ကျွန်တော်တို့ ဆက်လက်ပြီးတော့ မိနစ်အနည်းငယ်အတွင်း မှာ အင်မတန်ကြီးမားတဲ့ အပြစ်ကြီးတဲ့နေ့ရက်ကြီး ကျွန်တော်တို့ ယနေ့နေထိုင်တဲ့ နေ့ရက်ကြီးအကြောင်းကို ကျွန်တော်တု့ိ ကြည့်ရမှာဖြစ်ပါတယ်။ သမိုင်းမှာ ကျွန်တော်တို့ ပြန်ပြီးတော့ ဖြတ်ကည့်မယ်ဆိုရင် ဒီလောက် ကြီးမားတဲ့နေ့ရက်မျိုးကိုကျွန်တော်တို့ မတွေ့နိုင်ဘူးလို့ ယုံကြည်ပါတယ်။ အင်မတန် ကြီမြတ်တဲ့နေ့ရက်တွေ ရှိခဲ့ပါတယ်။ဒုက္ခဆင်းရဲ ခြင်းခံရတဲ့နေ့ရက်အချိန်တွေဘဲ ဖြစ်ပါတယ်။ ဘုရားသားသမီးတွေကို သတ်ဖြတ်ခြင်း၊အဖက်ဖက်ကနေပြီး တော့ သေခြင်းဘဲဖြစ်ပါတယ်။ ရန်သူရဲ့ လှည့်ဖျားမှုတွေဘဲ ဖြစ်ပါတယ်။ အဲလိုနေ့ရက်မျိုးကျွန်တော်တို့ အခု နေထိုင်တဲ့အချိန်မှာ အဲလောက်အထိ ကြီးမားတဲ့နေ့ရက်မျိုး ကျွန်တော်တို့မကြုံတွေ့ဘူးပါဘူး။ အင်မတန် ကောက်ကျစ်စဉ်းလဲ လှည့်ဖျားတဲ့နေ့ရက်ဘဲ ဖြစ်ပါတယ်။ အဲဒါကိုကျွန်တော်တွေ့တဲ့အခါမှာ ဒီအရာကို ယူ ဆောင်လာ ပါတယ်။ ခရစ်ယာန်ကတော့ ဘယ်ခေတ်ကာလနဲ့မှမတူဘဲနဲ့ဒီအချိန်မှာ

ကြုံတွေ့နေရ ပါတယ်။ ဒီလောက်ဆိုးဝါးတဲ့ အချိန်မျိုး ခြေဖျားအထိ အဆုံးအထိ ရောက်နေတဲ့ အချိန်မျိုးဘယ်လိုမှ နောက်ထပ်ရှိ တော့မှာ မဟုတ်ပါဘူး။

11 ၁၁။ ရောမခေတ်ကာလကနှိပ်စက်ညဉ်းပမ်းခြင်းခံရသော နေ့ရက်များကို ပြန်ကြည့်မယ်ဆိုရင် ခရစ်ယာန်တွေကအမှားပြုလုပ်ခြင်းရှိပါတယ်။ သူက လူသတ်ကွင်းထဲ ကိုသွားတယ်။ နောက်ပြီးတော့ ခြသေ့်စာကျွေးခြင်း ခံရတယ်။ သူ့သက်သေခံချက်က သူဟာ ခရစ်ယာန်ဖြစ်တယ်ဆိုတာကို ဖေါ်ပြထားတယ်။ အဲဒီအကြောင်းအရာ များရှိပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ဝိညာဉ်က ကယ်တင်ခြင်း ရရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူကလုံး၀ သန့်ရှင်းပါတယ်။ ဘုရားသခင်ကို လုံး၀ယုံကြည်ပါတယ်။ သူ့ရဲ့ယုံကြည်ခြင်းကလည်း အပြစ်ကင်းစင်လို့ဘဲဖြစ်ပါတယ်။ သူ့ရဲ့သက်သေခံချက်ကိုလည်း သူက ဝမ်းမြောက်စွာနဲ့ သူ့ရဲ့သွေးနဲ့ တံဆိပ်ခတ်လိုက်ပါတယ်။သူ့ရဲ့ သွေးကြောတွေ၊ သူ့ရဲ့ကိုယ်ခန္ဓာတွေ တစ်ခုလုံး အပေါက်ဖြစ်သွားတယ်။ သွေးတွေ ပန်းထွက်လာတယ်။ သူအရမ်းကို အော်မှာ ဖြစ်ပါတယ်။ တစ်ကယ်စစ်မှန်တဲ့ သစ္စာရှိခြင်းနဲ့ ယုံကြည်ခြင်းနဲ့သူဘာပြောမလဲဆိုတော့ ငါရဲ့ဝိညာဉ်ကို လက်ခံပါ။ သခင်ယေရှု ဘုရားလို့သူက အော်ဟစ်မှာ ဖြစ်ပါတယ်။

12 ၁၂။ နတ်ဆိုးရဲ့ကောက်ကျစ်စဉ်းလဲမှုတွေကယခုအခါမှာ လူတွေကို လှည့်ဖျားထားပါတယ်။ သူတို့ခရစ်ယာန် မဟုတ်ဘဲနဲ့ သူတို့ကိုယ်သူတို့ခရစ်ယာန်လို့ ထင်ကြပါတယ်။ အဲဒီအကြောင်း တစ်ခုရှိပါတယ်။ တံဆိပ်ခတ်စရာ မလိုပါဘူး။ ပိုပြီးတော့ကောက်ကျစ်စဉ်းလဲတဲ့ နေ့ရက်ဘဲ ဖြစ်ပါတယ်။ မိမိရဲ့ဘ၀အသက်တာ၊ မိမိရဲ့အသက် တာကို မိမိရဲ့သက်သေခံချက်နဲ့ဘဲ တံဆိပ်ခတ်မှာဘဲ ဖြစ်ပါတယ်။ နတ်ဆိုးက တစ်ကယ်ကောက်ကျစ်စဉ်းလဲတဲ့ ထောင်ချောက်တွေနဲ့ထောင်ချောက်ဆင်ထား ပါတယ်။ သူက လိမ်လည်လှည့်ဖျားသူဘဲ ဖြစ် ပါတယ်။ သခင်ယေရှုက ကျွန်တော်တို့ကိုပြောပြပါတယ်။ (မဿဲ ၂၄)မှာ ဒီနေ့ရက်ကာလ ကျွန်တော်တို့အသက်ရှင် နေစဉ်ကာလမှာ လှည့်ဖျားခြင်းအများဆုံးနေ့ရက်ဘဲဖြစ်ပါတယ်။ ရွေးချယ်ထားခြင်းခံရတဲ့ သူတွေကိုတောင်မှ ဖြစ်နိုင်ရင် လှည့်ဖျားသွားမှာဖြစ် ပါတယ်။

13 ၁၃။ အခုကျွန်တော်တို့ သမ္မာကျမ်းစာ ကျမ်းချက်တွေကို ချိန်ထိုးနှိုင်းဆကြည့်မယ်။ ဒါမှမဟုတ်ပရောဖက်ပြု ချက်တွေကို ကျမ်းစာထဲမှာ တွေ့ရတဲ့အခါမှာ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ဒီနေ့ရက်ကာလကိုတစ်ခြားနေ့ရက်ကာလတွေနဲ့ နှိုင်းယှဉ်ကြည့် လိုက်ပါ။

(၂တိ ၃)မှာဆိုရင်ကျွန်တော်တို့ တွေ့ရတဲ့အရာကတော့ ပရောဖက် ပြောထားတဲ့အတိုင်းဘဲ အဲဒီနေ့ရက်ကာလတွေကို ရောက်လာလိမ့်မယ်။လူတွေက အင်မတန်မှ တဇွတ်ထိုးပြီး ဘ၀င်တွေမြင့်ပြီးတော့ ဘုရားသခင်ကို ချစ်တာထက် လောကအရာတွေကိုချစ်တဲ့သူဖြစ်လိမ့်မယ်လို့ ဆိုထားပါတယ်။ အဲဒါနဲ့ နှိုင်း ယှဉ်ကြည့်ပါ။ ခဏလေး စဉ်းစားကြည့်ပါ။ အတိုချုပ်ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့မှာ အချိန်မရှိတော့ပါ ဘူး။ ကျွန်တော်တို့ဟာနောက်ဆုံးသော အချိန်ကို ရောက်နေပြီး ဖြစ်ပါတယ်။ အကုန်လုံး ခြုံငုံပြီး ကြည့်လိုက် မယ်ဆိုရင်အိမ်ကိုပြန်ပြီး သေချာလေ့လာမယ်ဆိုရင် နောင်ကာလသည် ခဲယဉ်းသော ခေတ်ကာလဖြစ်မည်ဟု သိမှတ်လော့။အဘယ်သို့နည်းဟူမူကား လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကို တပ်မက်သောသူ၊ ဝါကြွားသောသူ၊ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုံ့ချသောသူ၊ မိဘစကားကို နားမထောင်သော သူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်း မရှိသောသူ၊ ပကတိ ကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်အိန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ သည်းမခံသောသူ၊ သူတော်ကောင်းကိုမုန်းသောသူ၊ သစ္စာကို ဖျက်တတ်သောသူ၊ သတိပေးခြင်းကို မခံသောသူ၊ မာန်မာနနှင့် ယဇ်မူးသောသူ၊ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကို သာ၍ နှစ်သက်သောသူ၊ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။ ဤသူတို့ကို ရှောင်လော့။ လို့(၂တိ ၃)မှာ ရေးသားထားတာကို တွေ့ရပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ဒီအရာတွေအားလုံးကိုနောက်ဆုံးသောနေ့ရက်မှာ ဖြစ်လာလိမ့်မယ်လို့ ကြိုတင်ဖေါ်ပြထားပါတယ်။ အဲဒီ နေ့ရက်ကာလတွေပရော ဖက်ပြုထားတဲ့ အချိန်တွေကို ဆိုလိုခြင်းဘဲ ဖြစ်ပါတယ်။

14 ၁၄။ အခုကျွန်တော်တို့ (ဗျာဒိတ်၃ း၁၄)ကို ဖတ်မယ်ဆိုရင် လောဒိကိအသင်းတော် ခေတ်ကာလ ဖြစ်ပါတယ်။နောက်ဆုံးသော ခေတ်ကာလဘဲ ဖြစ်ပါတယ်။ သင်ကလည်း ငါသည် ဥစ္စာရတတ်၏။ ပညာများကို ဆည်းပူးပြီ။တစ်စုံတစ်ခုကိုမျှ မလိုဟု ပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဘွယ်ဖြစ်ခြင်း၊ မျက်စိကန်းခြင်း၊ဆင်းရဲခြင်း၊ အဝတ်အချည်းစည်းဖြစ်ခြင်း ရှိသည်ကို မသိပါတကားလို့ ရေးသားထားတာကို ကျမ်းစာမှာတွေ့ရပါတယ်။ ဒီခေတ်ကာလ အသင်းတော်ကို ပြောဆိုခြင်း ဖြစ်ပါတယ်။ ကိုယ်တိုင် ပင်ပန်းခြင်း၊ သနားဘွယ်ဖြစ်ခြင်း၊ မျက်စိ ကန်းခြင်း၊ ဆင်းရဲခြင်း၊ အဝတ်အချည်းစည်းဖြစ်ခြင်း ရှိသည်ကိုမသိပါတကားလို့ ဆိုထားပါတယ်။ နောက်ဆုံးစာကြောင်း နောက်ဆုံးစကားလုံးကတော့ အင်မတန်မှထိရောက်တဲ့ စကားလုံးဖြစ်ပါတယ်။ သူတို့ ကိုယ်သူတို့ ဝိညာဉ်တော်နဲ့ပြည့်ဝတယ်လို့ သူတို့ထင်ပါတယ်။ သူတို့အားလုံး အဆင်သင့် ဖြစ်နေပါတယ်။ လောဒိကိအသင်း တော်ခေတ်ကာလကတော့ ပင်တေကုတ္တေအသင်းတော်ခေတ်ကာလဘဲ ဖြစ်ပါတယ်။ နောက်ဆုံးသော အသင်းတော်ခေတ်ကာလဘဲ ဖြစ်ပါတယ်။ လူသာမှာ သတင်းစကားရှိပါတယ်။ဝက်စလီမှာလည်း သတင်း စကား ရှိပါတယ်။ ပင်တေကုတ္တေမှာလည်း သူတို့ရဲ့ သတင်းစကားနဲ့အတူသူတို့ရှိနေပါတယ်။

15 ၁၅။ ဘာပြောထားလဲဆိုတော့သင်သည် အအေးမဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏။ အေးခြင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ၊ တစ်ခုခုကိုငါအလိုရှိ၏။ ထိုသို့ အအေးမဟုတ်၊ အပူမဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်း သည်သင့်ကိုထွေးလုပြီ။ တစ်နည်းအားဖြင့်ဆိုရင် ကိုယ်တော်ရှင်ဟာ အသင်းတော်ရဲ့အခြေအနေကို ကြည့်ပြီးတော့ ဖျားသွားပါတယ်။

16 ၁၆။ ကိုယ်တော်ရှင်ကိုထွေးထုတ်လိုက်ပါတယ်။ ကိုယ်တော်ရှင်က အသင်းတော်ရဲ့ အပြင်မှာ ရှိနေပါတယ်။ အတွင်းကို ပြန်ရောက်အောင်ကြိုးစားနေပါတယ်။ အဲဒါအင်မတန်ဆိုးဝါးတဲ့ လောဒိကိခေတ်ကာလအသင်း တော်ဘဲဖြစ်ပါတယ်။

17 ၁၇။ ဒီကမ္ဘာလောကကြီးရဲ့ဘုရားကတော့ဒီကမ္ဘာလောကကြီးက ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ပါတယ်။ သူက တော့စာတန်ဘဲဖြစ်ပါတယ်။ လူတွေကစာတန်ကို သူတို့ ကိုးကွယ်နေကြတာကို သူတို့ကိုယ်သူတို့ မသိကြ ပါဘူး။ ဒါပေမဲ့လည်း စာတန်ကသူ့ကိုယ် သူအသင်းတော် ဖြစ်ယောင်ဆောင်တယ်။ သူတို့က စာတန်ကို ကိုးကွယ်တယ်။ သူတို့ဘုရားကိုကိုးကွယ်တဲ့အသင်းတော်အားဖြင့် ဘုရားကို ကိုးကွယ်တယ်လို့ သူတို့ကိုယ် သူတို့ ထင်ကပါတယ်။ ဒါပေမဲ့လည်းစာတန်ရဲ့နည်းလမ်းကတော့ အဲဒီနည်းလမ်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှုတ်ကပတ်တော်ကို ဟောပြောပါတယ်လို့သင်က ပြောမှာဖြစ်ပါတယ်။

ကျွန်တော့် ကျမ်းချက်ကို ပြန်ကြည့်ပါ။ ဒီညကျွန်တော် ဟောတဲ့အကြောင်းအရာကို ပြန်ကြည့်ပါ။ စာတန် ကတော့ ဧဝကို ပထမဆုံး နှုတ်ကပတ်တော်ကိုဟောပြောခဲ့ပါတယ်။ ဘုရားသခင် ပြောခဲ့တယ်ဆိုတဲ့စကားကို စာတန်က အသုံးပြုခဲ့ပါတယ်။

နှုတ်ကပတ်တော်ကို နားလည်မှုလွဲအောင် လုပ်ထားခြင်းဘဲဖြစ်ပါတယ်။ သခင်ယေရှုကတော့ လုံးဝအ ပြစ်ကင်းစင်တယ်လို့ သူက သင့်ကို သိစေချင်ပါတယ်။ မောရှေလုပ်ခဲ့သမျှလည်းအပြစ်ကင်းစင်ပါတယ်။ ဒါပေမဲ့ လည်း ဒီနေ့ရက်ကာလအတွက် ပေးထားထဲ့ ဂတိတော်တွေကို တစ်ခြားခေတ်ကာလမှာသွားပြီးတော့ ကျင့်သုံး နေ ကြပါတယ်။ အဲဒါ အဲဒီအမှားဘဲ ဖြစ်ပါတယ်။ လူတွေက ဒီနည်းအတိုင်းနှုတ်ကပတ်တော်ကို ယုံကြည် ရမယ်လို့ ဆိုပါတယ်။ နှုတ်ကပတ်တော်ကို ပေါင်းထည့်ခြင်း ၊ နှုတ်ယူခြင်း၊မပြုလုပ်နိုင်ပါဘူး။ ဒါပေမဲ့လည်း သူက အဲဒီလို လုပ်ခဲ့ပါတယ်။

18 ၁၈။ လူတွေမိမိတို့ကိုယ်ကို မိမိတို့ မသိဘဲနဲ့ စာတန်ကို ကိုးကွယ်နေကြပါတယ်။ သူတို့ကိုယ်သူတို့ဘုရား ကို ကိုးကွယ်နေတယ်လို့ သူတို့ထင်နေကြပါတယ်။ ပရောဖက်အားဖြင့် ကျွန်တော်တို့ကိုသတိပေးခြင်း ရှိခဲ့ပါ တယ်။ (၂သက်)မှာ ဆိုထားပါတယ်။ (၂သက်၂) ဖြစ်ပါတယ်။ အဲဒါကို ဖတ်ကြည့်ရမှာဖြစ်ပါတယ်။ ကျွန်တော် အဲဒီ ကျမ်းချက်ကို ဖတ်ချင်ပါတယ်။ ခင်ဗျားတို့မှာ ကျမ်းစာတွေ ပါလာရင်အဲဒါကို ဖြတ်ကပါ။ ‘ညီအစ်ကိုတို့ သင်တို့ သခင်ယေရှုခရစ် ကြွလာတော်မူ၍ ငါတို့သည်အထံတော်၌စုဝေးခြင်း အရာမှာ သခင်ဘုရား၏နေ့ရက် သည် ရောက်ပြီဟူ၍ ပရောဖြက်ပုခြင်း အားဖြင့်ြဖစ်စေ၊နှုတ်ထွက်စကားအားဖြင့် ဖြစ်စေ၊ ငါတို့စာကဲ့သို့သော စာအားဖြင့်ဖြစ်စေ၊ သင်တို့သည် စိတ်ရွေ့လျော့ခြင်း၊စိုးရိမ်တုန်လှုပ်ခြင်း အလျင်တဆော မဖြစ်ဖို့ ငါတို့တောင်း ပန်ကြ၏။ ’

သခင်ဘုရား ကြွလာတော်မူတယ်။ သခင်ဘုရားထံတော်မှာငါတို့ စုဝေးတယ် လို့ဆိုထားပါတယ်။ ဘုရားသခင်က သူ့လူမျိုးတွေကို နောက်ဆုံးသော နေ့ရက်ကာလမှာစုဝေးမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့လူ တွေကိုစုဝေးခြင်းဘဲ ဖြစ်ပါတယ်။ အသင်းတော်ကိုစုဝေးခြင်း မဟုတ်ပါဘူး။ ကိုယ်တော်ရှင်အတွက် ကိုယ်တော် ရှင်က သူတို့ကို စုဝေးခြင်းဘဲဖြစ်ပါတယ။် အဘယ်သူမျှ အဘယ်သို့သောအားဖြင့် သင်တို့ကို မလှည့်ဖျား စေနှင့်။ ထိုနေ့ရက်မရောက်မှီဖောက်ပြန်သင်းခွဲခြင်းသည် အရင်ဖြစ်၍ အရင်ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း ၏သားသည် ပေါ်လာရလိမ့်မည်။ထိုသူသည် ဘုရားသခင်နှင့် ဘုရားဟုခေါ်သမျှသောသူတို့ကို ဆန့်ကျင်ပြီး မိမိကိုယ်ကို ချီးမြှောက်သောအားဖြင့်ဘုရားသခင်၏ ဗိမာန်တော်၌ ဘုရားကဲ့သို့ထိုင်၍ မိမိကိုယ်ကို ဘုရားဖြစ် ယောင်ဆောင်လျှက်ပြသောသူဖြစ်သတည်း။

19 ၁၉။ ယနေ့အသင်းတော်၏ လိမ်ညာလှည့်ဖျားမှုများ ဖြစ်ပါတယ်။ ပျက်စီးခြင်းရဲ့ သား နတ်ဆိုးဘဲ ဖြစ်ပါတယ်။လူတွေကတော့ ဒီနေ့မှာ စာတန်ကို ဝတ်ပြုကိုးကွယ်နေပါတယ်။ သူတို့ကိုယ်သူတို့ ဘုရားကို ဝတ်ပုကိုးကွယ်နေတယ်လို့ သူတို့ ထင်နေကြပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ ယုံကြည်ကည်ခြင်းတွေ၊ လူလုပ်တဲ့ဂိုဏ်းဂဏ တွေ ဩဝါဒတွေအားဖြင့် စာတန်ကို ကိုးကွယ်နေကြပါတယ်။ လူတွေကို အကြီးမားဆုံးလှည့်ဖျားမှု၊ဒီကမ္ဘာလော ကကြီးမှာ မသိနိုင်လောက်အောင် အကြီးမားဆုံးလှည့်ဖျားမှုထဲကို ယူဆောင်လိုက်နိုင်ပါတယ်။ ဘုရားသခင် ရဲ့နှုတ်ကပတ်တော်က ဒီနေ့ရက်ကာလအတွက် မည်မျှ အသိတွေပေးပါစေ၊ ဟောပြောပါစေ၊ဖေါ်ပြပါစေ၊ သူတို့ယုံကြည်မှာ မဟုတ်ပါဘူး။ သူတို့ မယုံကြည်ကြပါဘူး။

ဘာကြောင့်လဲ? ဘာကြောင့်လဲလို့ ကျွန်တော်တို့ ထင်ကပါတယ်။ဘာကြောင့်လဲ၊ ဘာကြောင့် သူတို့ နှုတ်ကပတ်တော်ကို မယုံကြည်တာလဲလို့ ပြောပါတယ်။ ဘုရားသခင်ကဒါလုပ်မယ်လို့ပြောပါတယ်။ တစ်ကယ်လည်း လုပ်ပါတယ်။ အဲဒါတောင်မှ သူတို့ကကျောခိုင်းကြပါတယ်။ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ကျောခိုင်းကြပါတယ်။ ဧဝကဲ့သို့ဘဲဖြစ်ပါတယ်။ ဘုရားပြောတယ်။ ဘုရားလုပ်တယ်။ ဒါပေမဲ့လည်း သူမကတော့ ကျောခိုင်းပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတာကိုနားမခံဘဲနဲ့ စာတန် ပြောတာကို နားထောင်လိုက်ပါတယ်။

အခြားသော ခေတ်ကာလတွေမှာလည်း ထိုနည်းငှင်းဘဲဖြစ်ပါတယ်။ခေတ်ကာလတိုင်းမှာ စာတန်က တော့ နှုတ်ကပတ်တော်ကို လှည့်ဖျားဘို့ ကြိုးစားပါတယ်။ တခြားသောခေတ်ကာလတွေကို မြင်လာဘို့ သူတို့ကို လုပ်ပါတယ်။

20 ၂၀။ သခင်ယေရှုကြွလာတဲ့အခါမှာစာတန်က ယုဒဆရာတအုပ်နဲ့အတူ ရှိနေပါ တယ်။ ရဗ္ဗိတွေ၊ ယဇ်ပရော ဟိတ်တွေ၊ သူတို့က မောရှေရဲ့ပညတ်ကို စောင့်ရှောက်ဘို့ ပြောပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်က အဲဒီခေတ်ကာလမှာ လူသားကိုဖေါ်ပြမယ်လို့ ဆိုပါတယ်။ မိမိကိုယ်ကို မိမိဖေါ်ပြမှာ ဖြစ်ပါတယ်။ သူတို့ ကြိုးစားနေကြပါတယ်။သူတို့ကိုယ်သူတို့ ဘာသာတရားကိုင်းရှိုင်းတယ်။ မောရှေရဲ့ပညတ်တွေကို လိုက်နာတယ် ဆိုတဲ့ပုံစံမျိုးရှိပါတယ်။ ကိုယ်တော်ရှင်က ဘာလုပ်ပါသလဲ? သူတို့ကို ပြောပြနေဘုိ ကြိုးစားနေကြပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အတိုင်းဘဲဖြစ်နေပါတယ်။ ဒီလူကတော့ အဲလိုပုံမျိုး မဟုတ်ပါဘူး။ သူဘယ် လောက် လှည့်ဖျားသလဲ? အဲဒီနေ့ရက်ကာလကတော့ တစ်ကယ့်လှည့်ဖျားခြင်းရဲ့နေ့ရက်ကာလဘဲ ဖြစ်ပါတယ်။

21 ၂၁။ စာတန်ကသူ့ရဲ့နိုင်ငံတော်ကို ဒီကမ္ဘာလောကကြီးပေါ်မှာ တည်ထောင်နေပါတယ်။ သူဘာကြောင့် အဲလိုလုပ်ရပါသလဲ? သူ့ရဲ့နိုင်ငံတော်ကို တည်ထောင်ချင်လို့ဘဲလုပ်နေခြင်း ဖြစ်ပါတယ်။

စီးပွားရေးသမား တစ်ယောက်အနေနဲ့ ခရစ်ယာန်မဟုတ်ဘူးဆိုရင်သူဟာ နည်းမျိုးစုံနဲ့ ကြိုးစားပြီးတော့ အမြဲတမ်းဘဲ

မှားယွင်းတဲ့လမ်းကို သင့်ကို ပြုလုပ်မှာဖြစ်ပါတယ်။ သူမှာ ရည်ရွယ်ချက်ရှိတယ်။ ပုဂ္ဂိုလ်ရေးအ မြတ်ထုတ်ဘို့ ရှိတယ်ဆိုရင် သင့်ကိုသူအဲလိုဘဲလုပ်မှာဖြစ်ပါတယ်။ သင်အဲလိုဘဲ မြင်လာအောင် သူလုပ်မှာဘဲ ဖြစ်ပါတယ်။ သူအတတ်နိုင်ဆုံးသင့်ကို အဖက်ဖက်မှ လုပ်ဆောင်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သမ္မာတရား ကနေလမ်းလွဲသွားစေမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့အတွက်ဘဲသူ ခံစားနေလို့ဘဲ ဖြစ်ပါတယ်။ သူ ဘယ်လောက်ဘဲလိမ်ညာလှည့်ဖျားပါစေ၊ ဘယ်လောက်ဘဲ သူ့ရဲပုဂ္ဂိုလ်ရေးရာ အမြတ်အစွန်းဘဲ သူလုပ်နေပါ စေ။ သူလုပ်မှာဘဲ ဖြစ်ပါတယ်။

22 ၂၂။ ထို့ကြောင့်စာတန်က ထိုသို့ပြုလုပ်ခြင်း ဖြစ်ပါတယ်။ သာသနာအားဖြင့် သူက ပြုလုပ်ခြင်း ဖြစ်ပါတယ်။ဘုရားသခင် အမြဲပုမယ်လို့သူက ဂတိပေးခဲ့ပြီး ဖြစ်ပါတယ်။ သူက ဧဒင်ဥယျာဉ်ကြီးထဲမှာ ဘာသာရေးလှည့်ဖျားမှုအားဖြင့် စတင်ခဲ့ပါတယ်။ အဲဒီကတည်းက သူဆက်ပြီးတော့ ဒီကနေ့အထိ သူလုပ်နေဆဲ ဖြစ်ပါတယ်။

ကွန်မြူနစ်တအုပ်ကို ထိုင်ခိုင်းထားခြင်းအားဖြင့်မဟုတ်ပါဘူး။ ကွန်မြူနစ်က အဲဒါနဲ့ ဘာမှ မဆိုင်ပါဘူး။အသင်းတော်ဘဲ ဖြစ်ပါတယ်။ သင်ကြည့်ရမဲ့နေရာကတော့ကွန်မြူနစ်တွေကို ကြည့်ဘို့ မဟုတ်ပါဘူး။ ကွန်မြူ နစ်တွေက ရွေးချယ်တဲ့လူတွေကို လှည့်ဖျားဘို့ မဟုတ်ပါဘူး။ အသင်းတော်က ရွေးချယ်ထားတဲ့သူတွေကို လှည့်ဖျားမှာ ဖြစ်ပါတယ်။ ကွန်မြူနစ်တွေမဟုတ်ပါဘူး။ သူတို့ ဘုရားကို ငြင်းပယ်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ သူတို့က အန္တိခရစ်တွေဖြစ်ပါတယ်။ စည်းမျဉ်းအားဖြင့် ဖြစ်တာသေချာပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ အန္တိခရစ်တွေမဟုတ်ဘူး။ အန္တိခရစ်တွေက ဘာသာရေးသမားတွေ ဖြစ်ပါတယ။် အင်မတန် ဘာသာ တရား ကိုင်းရှိုင်းပါတယ်။ ကျမ်းချက်တွေကိုလည်း အလွတ်ရပါတယ်။ ကျမ်းချက်တွေကိုလည်း အင်မတန် ရှင်းလင်း ရိုးရှင်းအောင်လုပ်တတ်ပါတယ်။

စာတန် အစအဦးက ပြန်လာသကဲ့သို့ဘဲ ဖြစ်ပါတယ်။သူက ကျမ်းချက်တွေ အားလုံးကို ရည်ညွှန်းပြီးတော့ ဘုရားသခင်ပြောတယ်။ ဘုရားသခင်က အဲဒီဥယျာဉ်ထဲမှာရှိတဲ့အပင်တွေကိုအပင်တိုင်းကို မစားရဘူးလို့ဆိုပြီး တော့ ဘုရားသခင်စကားကို သူက ပြန်ပြီးတော့ ညွှန်းထားပါတယ်။

သူမ ဘာပြောလဲဆိုတော့ ကျမတို့အဲဒီ ဥယျာဉ်ထဲမှာရှိတဲ့အပင်တွေရဲ့ အသီးတွေအားလုံးကို စားခွင့်ရှိ ပါတယ်။ ဒါပေမဲ့ ဥယျာဉ်အလယ်တည့်တည့်မှာရှိတဲ့အပင်တစ်ပင်ရဲ့အသီးကိုတော့ ဘုရားသခင်က မစားခိုင်းပါ ဘူး။ ထိတောင် မထိခိုင်းပါဘူး။ အဲဒါကို စားလိုက်တဲ့အချိန်မှာ ကျမတို့ သေဆုံးရမှာလို့ ဆိုပါတယ်။

23 ၂၃။ သူကဘာပြောလဲဆိုတော့ တစ်ကယ်သေမှာ မဟုတ်ဘူး။ ဘုရားသခင် ဘာကြောင့် အဲလိုပြောလဲဆိုတဲ့ အကြောင်းပြချက်ကိုငါပြောပြချင်တယ်။ ဒီသမ္မာတရားကို ယူပြီးတော့ သူက ဘာပြန်ပြောလိုက်လဲဆိုတော့ မင်းတို့တွေမျက်စိပွင့်သွားပြီးတော့ အမှားအမှန်ကို ခွဲခြားတတ်သွားမယ်။ ဘုရားလိုဖြစ်မယ်။ အဲလိုမျိုးဘုရားကဲ့ သို့ဖြစ်သွားမယ်လို့ ပြောပါတယ်။

သူလုပ်ချင်တဲ့အရာကတော့ အဲဒါဘဲ ဖြစ်ပါတယ်။ဒီနေ့လည်း လူတွေကို သူအဲလိုဘဲ ပြုလုပ်ဘို့ ကြိုးစား နေပါတယ်။ ဘာသာရေးလှည့်ဖျားမှုကဟိုးဧဒင်ဥယျာဉ်ကြီးထဲမှာ အစအဦးကတည်းက ရှိပြီးသား ဖြစ်ပါတယ်။ အဲဒီကတည်းက ရှိပါတယ်။ အာဒံရဲ့ခေတ်ကဖြစ်ပါတယ်။ လှည့်ဖျားမှုဘဲ ဖြစ်ပါတယ်။ နောဧလက် ထက်မှာဘဲ လှည့်ဖျားမှု ဖြစ်ပါတယ်။ သခင်ယေရှုလက်ထက်မှာလည်းအလားတူ ဖြစ်ပါတယ်။ ယနေ့လည်း အလားတူ ဖြစ်ပါတယ်။ ဘာသာရေးလှည့်ဖျားမှု ဖြစ်ပါတယ်။

24 ၂၄။ အခုကမ္ဘာကြီးကိုကျွန်တော်တို့ သတိပြုမိမှာ ဖြစ်ပါတယ်။ ဘုရားသခင်က ထိန်းချုပ်ထားပါတယ်။ သူ့ရဲ့ထိန်းချုပ်မှုအောက်မှာရှိနေပါတယ်။ စာတန်က အဲဒီထိန်းချုပ်မှုကို သူက ယူလိုက်တဲ့အခါမှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုငြင်းပယ်ခြင်းအားဖြင့်ဘဲ ဖြစ်ပါတယ်။ တချိန်က ဘုရားသခင်က ကမ္ဘာလောကကြီးကို ထိန်းချုပ်ထားပါတယ်။ ကမ္ဘာလောကကြီးပေါ်မှာ ကိုယ်တော်ရှင် ထိုင်နေပါတယ်။ ကိုယ်တော်ရှင်က ကမ္ဘာလော ကကြီးနဲ့ပတ်သက်တာအားလုံးကို လုပ်ကိုင်စေပါတယ်။ အရာခပ်သိမ်းကို ကိုယ်တော်ရှင် ထိန်းချုပ်ထားပါတယ်။ စာတန်က ထိန်းချုပ်ထားတဲ့အရာကို ကွာခြားသွားတဲ့အခါမှာတော့ ကျွန်တော်တို့ နှိုင်းယှဉ်ကြည့်လို့ရပါတယ်။

25 ၂၅။ ဘုရားသခင်နှစ်ပေါင်း(၆၀၀၀)အချိန်ရပါတယ်။ သူ့အတွက် သိပ်မကြာပါဘူး။ သူ အဲဒီ နှစ်ပေါင်း (၆၀၀၀)ကိုယူလိုက်ပြီးတော့ ကျွန်တော်တို့ သိရတဲ့အကြောင်း အရာကတော့ ကောင်းကင်မှာဆိုရင် ကမ္ဘာ လောကကြီးပေါ်မှာနှစ်ပေါင်း(၁၀၀၀)ဟာ တနှစ်မှာဆိုရင် တရက်ဘဲလို့ ဆိုထားပါတယ်။ အဲဒါက နှစ်ပေါင်း (၆၀၀၀)ဘုရားသခင် ကမ္ဘာလောကကြီးကို စတင်တည်ထောင်တဲ့အချိန်ကစပြီးတော့ (၆)ရက်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ကနှစ်ပေါင်း(၆၀၀၀) အချိန်ယူပြီး တည်ထောင်ပါတယ်။ ကောင်းတဲ့မျိုး စေ့တွေကို စိုက်ပျိုးတယ်။ မျိုးပင်တွေလည်း သူနဲ့စပ်ဆိုင်တဲ့အသီးတွေကို သီးတယ်။ သူနဲ့ အမျိုးအစားတူတဲ့အပင်တွေကိုဖြစ်ထွန်းစေ တယ်။ ကိုယ်တော်ရှင်ရဲ့မျိုးစေ့တွေ အားလုံးဟာ ကောင်းပါတယ်။ ဒါကြောင့်မို့လို့ကောင်းတဲ့အသီးတွေဘဲ သီးလာမှာဖြစ်ပါတယ်။ ဘုရားသခင်က နှစ်ပေါင်း (၆၀၀၀) အချိန်ယူပါတယ်။

26 ၂၆။ နောက်ဆုံးမှာကိုယ်တော်ရှင်အားလုံးကို ပြုလုပ်ပြီးတဲ့အခါမှာ သူ့ရဲ့ဌာနချုပ်ကို ရောက်ပါတယ်။ ကမ္ဘာလောကကြီးမှာရှိတဲ့ ဌာနချုပ်ဖြစ်ပါတယ်။ ဧဒင်ဥယျာဉ်ကြီးရဲ့ အရှေ့ဖက်မှာရှိတဲ့ အင်မတန်လှပတဲ့အရာဘဲဖြစ်ပါ တယ်။ ဧဒင်ဥယျာဉ်လို့ခေါ်ပါတယ်။ ဘုရားသခင်က ကမ္ဘာလောကကြီးရဲ့ ဌာနချုပ်ကိုဧဒင်ဥယျာဉ်ကြီးထဲမှာ ရှိပါတယ်။ အီဂျစ်နိုင်ငံမှာ ဖြစ်ပါတယ်။ အဲဒီဥယျာဉ်ရဲ့ အရှေ့ဖက်စွန်းမှာတော့ဌာနချုပ်ရှိပါတယ်။

27 ၂၇။ ဒီအခြေအနေတစ်ခုလုံးကိုကြည့်မယ်ဆိုရင် သူ့ရဲ့သားတော်နဲ့ သူ့သားရဲ့ဇနီးကို သူက ကြည့်ရှုခိုင်းထားပါ တယ်။ ဘုရားသခင်ထိုကဲ့သို့ဘဲ အမြဲပုခဲ့ပါတယ်။ သူတို့ကို လုံး၀ ထိန်းချုပ်ဘို့အတွက် အာဏာအပြည့်အ၀ ပေးထားပါတယ်။သူတို့က

လေကိုစကားပြောလို့ရတယ်။ အဲဒါဆိုရင် လေကိုတိုက်ခတ်မှုတွေက လျော့သွားမှာ ဖြစ်ပါတယ်။သစ်ပင်ကို သူတို့စကားပြောမယ်။ အဲဒီအခါမှာ ဒီနဲ့ဟိုကို သစ်ပင်က ရွေ့လျားသွားမှာ ဖြစ်ပါတယ်။

ခြင်္သေ့နဲ့ ဝံပုလွေတွေ အတူတကွ အစာစားနိုင်မှာဖြစ်ပါတယ်။သိုးသူငယ်လေး ကလည်း အဲဒီမှာ လဲ လျောင်းလျှက်ရှိပါတယ်။ အဲဒီမှာ မကောင်းမှု ဒုစရိုက်ဆိုတာဘာမှ မရှိပါဘူး။ လုံးဝငြိမ်သက်ခြင်းရှိပါတယ်။ ငြိမ် သြက်ခင်း အပြည့်အဝဘဲ ဖြစ်တယ်။ အားလုံးဟာလည်းအပြစ်အနာအဆာ မရှိပါဘူး။ ဘုရားသခင်က သူ့ရဲ့ ထိန်းချုပ်မှု အောက်မှာ ထားထားပါတယ်။ သူ့ရဲ့ကမ္ဘာလောကကြီးရှိနေပါတယ်။အားလုံးက လှပ်ရှားနေပါတယ်။ အရာခပ်သိမ်း ဝင်ရောက်လာပါတယ်။ အရာခပ်သိမ်းက ဟင်းသီး ဟင်းရွက်တွေကိုစားကြပါတယ်။ ဘာမှသေစ ရာမရှိပါဘူး။ ပျက်စီးစရာလည်း မရှိပါဘူး။ ဖျက်ဆီးပစ်ရမဲ့အရာတွေလည်းမရှိပါဘူး။ အားလုံးဟာ ပြီးပြည့်စုံပါ တယ်။

အဲဒီအရာတွေ အားလုံးအပေါ်မှာ သူ့ရဲ့သားသမီးတွေကိုသူထားပါတယ်။ သူ့သားနဲ့ သူ့သမီးဇနီးနဲ့ ခင်ပွန်းဘဲ ဖြစ်ပါတယ်။ အားလုံးကို ထိန်းချုပ်ဘို့ဘဲဖြစ်ပါတယ်။

28 ၂၈။ ဘုရားသခင်ကအရမ်းကြေနပ်ပြီး နှစ်သက်နေပါတယ်။ သတ္တမမြောက်နေ့မှာ သူ့အလုပ်တွေအားလုံးက နေ သူအနားယူလိုက်ပြီးတဲ့နောက်အဲဒီ(၇)ရက်မြောက်တဲ့နေ့ မှာ သူ့အတွက်သူ အနားယူတဲ့နေ့ဖြစ်ပါတယ်။

ဘုရားသခင် အဲဒါကို အကုန်လုံးကြည့်လိုက်လို့ရှိရင်သူဟာ နှစ်ပေါင်း (၆၀၀၀) ပြုလုပ်ပြီးတော့ မွန်းမံပြီးတော့ နေရာတကျ ပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။အဲဒါတွေ အကုန်လုံး ပေါ်ထွက်လာဘို့ဘဲ ဖြစ်ပါ တယ်။ တောင်တွေကိုလည်း မြင့်တက်လာစေတယ်။ မီးတောင်တွေကိုလည်း တောင်ငယ်အနားမှာထားတယ်။ ပေါက်ကွဲနိုင်တဲ့အရာတွေကို ခပ်ဝေးဝေးမှာထားတယ်။ ခြောက်သွေ့သွားပြီးတော့ ကိုယ်တော်ရှင် အဲလိုနည်း လမ်းနဲ့ ပြင်ဆင်ထားပါတယ်။အဲဒါက လှပတဲ့နေရာဘဲ ဖြစ်ပါတယ်။

29 ၂၉။ အဲဒါနဲ့ပတ်သက်လို့ ဘာမှ မရှိပါဘူး။ ဘုရားသခင်ရဲ့ ကြီးမားတဲ့ ဥယျာဉ်ကြီးတွေဘဲ ဖြစ်ပါတယ်။ ကြီးမားတဲ့ဒိုင်နိုဆောကြီးတွေ တွားသွားနေတယ်။ အင်မတန်ကြီးမားတဲ့ တိရိစ္ဆာန်ကြီးတွေ သူတို့ကိုဘာမှ အန္တရာယ်မပေးပါဘူး။ ကြောင်ပေါက်ကလေး ကဲ့သို့ပင် နူးညံ့သိမ်မွေ့ပါတယ်။ သူတို့မှာဘာမှမရှိပါဘူး။ ဖျားနာ ခြင်းမရှိ ဝမ်းနည်းခြင်း မရှိ။ ကမ္ဘာလောကကြီးပေါ်မှာ ဘာရောဂါပိုးလေးတစ်ခုမှတောင် မရှိပါဘူး။ အင်မတန် နှစ်သက်ဖွယ်ကောင်းတဲ့နေရာ ဖြစ်ပါတယ်။

အင်မတန်ကြီးမားတဲ့ ငှက်ကြီးတွေက သစ်ပင်တစ်ပင်ကနေတစ်ပင်ကူးသွားပါတယ်။ အာဒံက သူတို့ကို နံမယ်ခေါ်နိုင်ပါတယ်။ သူ့ရဲ့ပုခုံးပေါ်မှာ လာပြီးတော့နားခိုစေနိုင်ပါတယ်။ သူသီချင်းဆိုပြနိုင်ပါတယ်။ ချိုးကလေး များကလည်း ကူပြနိုင်ပါတယ်။ ဘုရားသခင်လှုပ်ရှားတဲ့နေရာက ဘယ်လောက် နှစ်သက်ဖွယ်ကောင်းပါသလဲ?

30 ၃၀။ သူ့ရဲ့ကိုယ်ခန္ဓာထဲကနေသူ့ရဲ့ ပုံသဏ္ဍာန်တော် လက္ခဏာတော်အတိုင်း သူလုပ်ထားပါတယ်။ သူ့ရဲ့ကိုယ် ခန္ဓာထဲမှာ လက္ခဏာတွေရှိပါတယ်။

သူ့ဖခင်၌ သူက တူညီမှုရှိသလိုဘဲ သင့်ရဲ့ ဲဘးိုးဘေးဘီဘင်တွေကလည်း သင်သတိပြုမိမှာ ဖြစ်ပါတယ်။ သူတို့ကနေ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။သင့်ဖခင်နဲ့ သင့်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ဖခင်ထဲ မှာ သင်ရှိတဲ့အခါ သင်ဘာမှ မသိပါဘူး။ လူယောကျာ်းထဲကနေ အသက်ရဲ့ ပိုးဖြစ်ပေါ်လာပါတယ်။ လူ ယောကျ်ားမှာ သွေးဆဲလ်ရှိပါတယ။် မိန်းမမှာတော့ဥရှိပါတယ်။ သားဥ ရှိပါတယ်။ သွေးဆဲလ်ထဲမှာ အသက်ရှိပါ တယ်။ သင့်ဖခင်ထဲမှာ သင်ရှိနေတဲ့အခါမှာသင်ကဘာမှ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ မသိပါဘူး။ သိပ္ပံပညာ နဲ့ နှုတ်ကပတ်တော်က အဲဒီအကြောင်းကိုသက်သေပြပါတယ်။ သင့်ဖခင်ထဲမှာ သင်ရှိပါတယ်။ ဒါပေမဲ့လည်း အဲဒီအကြောင်းနဲ့ ပတ်သက်လို့သင်ဘာမှ မသိပါဘူး။

ဒါပေမဲ့လည်း သင့်ဖခင်က သင့်ကို သိဘို့ရန်အတွက်မျှော်လင့်စောင့်စားနေပါတယ်။ မိခင်နဲ့ပေါင်းဖက်ခြင်း အားဖြင့် သင့်ဖခင်က သင့်ကို သိလာပါတယ်။သင်ဟ ာ ဖခင်ရဲ့ ပုံသဏ္ဍာန်တွေ ရှိနေပါတယ်။ သူနဲ့ တူပါတယ်။ သင့်ကိုယ်ခန္ဓာထဲမှာလည်းသင့်ဖခင်နဲ့ တူတဲ့ အစိတ်အပိုင်းတွေ ရှိနေပါတယ်။

အဲဒီနည်းအားဖြင့် ဘုရားသခင်က အစအဦးမှာ ရှိပါတယ်။ဘုရားသားတော် တွေအားလုံးနဲ့ ဘုရားသမီး တွေအားလုံးကတော့ ဟိုးအစကတည်းက ဘုရားသခင်အထဲမှာရှိနေပါတယ်။ အခုအခါမှာ သင်သတိရမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သင် အဲဒီနေရာမှာ ရှိပါတယ်။ သင်သိပါတယ်။ ကိုယ်တော်ရှင်က သူ့ကို သင်က ဆက်သွယ်မယ်ဆိုတာကို လိုလားပါတယ်။ ကိုယ်တော်ရှင်ကသင်နဲ့ဆက်သွယ်လိုပါတယ။် စကားပြောလိုပါ တယ်။ သင့်ကို ချစ်လိုပါတယ်။ သင်နဲ့ လက်ဆွဲနှုတ်ဆက်လိုပါတယ်။

31 ၃၁။ သင့်ရဲ့သားလေးပြန်လာပြီးတော့ အိမ်ပြန်ရောက်တဲ့အခါမှာ စားပွဲမှာ ထိုင်တယ်ဆိုတာကို တွေ့ရရင် သင်ဘယ်လောက်ပျော်ရွှင်မလဲ? သူစစ်မြေပြင်ကနေ ပြန်လာတယ်။ ဒါမှမဟုတ် တစ်ခြားတစ်နေရာကနေပြန်လာတယ်။ သင့်ကို အံ့သြသွားအောင် လုပ်တယ်ဆိုရင် သင်က ညစာပြင်ဆင်ပေးမှာဖြစ်ပါတယ်။ဆူဖြိုးတဲ့ နွားကိုသတ်မယ်။ ဒီထက်မက လုပ်မှာ ဖြစ်ပါတယ်။ သူ့ကို စားဘို့သောက်ဘို့ ကောင်းကောင်းပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။ သင့်ရဲ့အသွေးအသား ဖြစ်နေလို့ပါဘဲ။ သူက သင့်အထဲမှာ ရှိပါတယ်။အဲဒီအချိန်တုန်းကတော့ သင့်ကို သူမသိပါဘူး။ ဒါပေမဲ့လည်း သူရှိတယ်ဆိုတာကို သင်သိလာပါတယ်။

32 ၃၂။ ဘုရားသခင်ကကျွန်တော်တို့ ဒီနေရာမှာ ရှိသင့်တာကို သူသိနေပါတယ်။ သူဟာ ကျွန်တော်တို့ကို ကိုယ်ခန္ဓာအသွေးအသားဖြစ်လာဘို့ပြုလုပ်ပြီးတော့ ကျွန်တော်တို့နဲ့ ဆက်သွယ်နိုင်အောင်ပြုလုပ်ပါတယ်။ သူလည်း

ဆက်သွယ်နိုင်အောင်လုပ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့အထဲမှာ တစ်ဦးအဖြစ်နဲ့ ဝင်ပြီးတော့ သခင်ယေရှုဖြစ်လာပါတယ်။ ဘုရားသားတော် ကိုယ်တိုင် ဖြစ်လာပါတယ်။ ဘုရားသခင်ကိုယ်တိုင် ပြည့်ပြည့်ဝဝနဲ့သူဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါက ဘုရားသခင်ရဲ့ အကြံအစည်ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ ပုံသဏ္ဍာန်တော်ကိုမိဿဟာယဖွဲ့ခြင်း အားဖြင့် သူ ဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။

ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ခမည်းတော်အထဲမှာ ရှိနေတဲ့အခါမှာအဲဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်ုပ်ဘာမှ မသိပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့သားဖြစ်လာတဲ့အခါမှာသူ့အားဖြင့် ဖွားမြင်လာပါတယ်။ အဲဒါကတော့ ပုံသဏ္ဍာန် တော် ဖြစ်ပြီးတော့ ကျွန်ုပ် ဖခင်ရဲ့အစိတ်အပိုင်းဘဲ ဖြစ်ပါတယ်။ သင်ဟာလည်း သင့်ဖခင်ရဲ့အစိတ်အပိုင်းဘဲ ဖြစ်ပါတယ်။

ဘုရားသားသမီးတွေအနေနဲ့ ကျွန်ုပ်တို့ဟာ ဘုရားသခင်ပုံသဏ္ဍာန်ရဲ့ တစ်စိတ်တစ်ဒေသတွေ ဖြစ်ပြီး တော့ ကိုယ်တော်ရှင်အထဲမှာ ရှိနေပါတယ်။ ဇာတိသဘောကဲ့သို့ဖြစ်ပါတယ်။ အဲဒါမှ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် မိဿဟာယ ဖွဲ့နိုင်ပါတယ်။ ဒီကမ္ဘာလောကကြီးအပေါ်မှာဘုရားသခင်ရဲ့ မိသားစု အနေနဲ့ဘဲ ဖြစ်ပါတယ်။ အဲဒါက အစအဦးမှာ ဘုရားသခင်ရဲ့ အကြံအစည်ဘဲဖြစ်ပါတယ်။ အစကတည်းက ဘုရားသခင် အလိုတော်ရှိတာဘဲ ဖြစ်ပါတယ်။

သူ့မှာ အရာခပ်သိမ်းကို ထိန်းချုပ်ထားပါတယ်။ဒေင်ဥယျာဉ်ထဲကို လူသားကို သူကရောက်ရှိသွားစေ ပါတယ်။ ကိုယ်ကျင့်တရားအားဖြင့် လွတ်လွတ်လပ်လပ်ဘဲထားပါတယ်။ သားအဲဒါက နင်ပိုင်တယ်လို့ သူကပြောပါတယ်။

33 ၃၃။ အင်မတန်လှပတဲ့နေရာဖြစ်ပါတယ်။ ဘုရားသခင်က အင်မတန် ကျေနပ်ပါတယ်။ သူပြန်သွားပြီးတော့ သူ့ အလုပ်တွေကနေ သူအနားယူပါတယ်။ဘယ်အပင်မှ ဆူးပင်တွေ ပေါင်းပင်တွေ ဖြစ်မလာပါဘူး။ ဘယ်ဆူး ပင်မှာမှလည်း ဘယ်ရီသီးတွေ သီးမလာပါဘူး။ အားလုံးဟာ အပြစ်ကင်းစင်ပါတယ။် ပြည့်စုံပါတယ်။ မျိုးစေ့တွေ အားလုံးလည်း ပြည့်စုံပါတယ်။အရာခပ်သိမ်းဟာ ပြည့်စုံတဲ့ အခြေအနေမှာ ရှိပါတယ်။

အဲဒီအချိန်မှာ သူခဏ အနားယူလိုက်ပါတယ်။ သူ့ရဲ့ရန်သူကလှည့်ဖျားဘို့အတွက် ရောက်လာပါတယ်။ နောက်ပြီးတော့ အဲဒါကို ထိန်းချုပ်လိုက်တယ်။ နောက်ပြီးတော့အနက်အဓိပ္ပါယ် ကောက်ယူလွဲမှားပြီး ကိုယ် တော်ရှင်ရဲ့ အစီအစဉ်ကို ဘုရားသခင် သားသမီးတွေအတွက်အစီအစဉ်ကို အဓိပ္ပါယ် မှားယွင်းအောင်လို့ ပြု လုပ်လိုက်ပါတယ်။ သူဟာ သူ့သားသမီးတွေကိုသူယုံကြည်ပါတယ်။ သင့်သားသမီးတွေကို သင်ယုံ ကြည်သကဲ့ သို့ဘဲ ဘုရားသခင်ကလည်း သူ့သားသမီးတွေကိုသူယုံကြည်ပါတယ်။ သင့်ရဲ့ သမီးဟာ ညဖက်မှာ အမျိုးသား တစ်ယောက်နဲ့ ထွက်သွားတယ်ဆိုရင် သင့်ရဲ့သားကိုသင်ယုံကြည်တယ်ဆိုရင် အရက်သောက်တဲ့သူနဲ့ လိုက် သွားတယ်။ ဒါမှမဟုတ် စီးကရက် သောက်တဲ့သူနဲ့လိုက်သွားတယ်ဆိုရင် သင်ယုံကြည်စိတ်ချတယ်ဆိုရင် ကောင်းပါတယ်။ ကိုယ်တော်ရှင်ကလည်း သူ့သားကိုသူယုံကြည်ပါတယ်။ သူဘယ်တော့မှ အမှားအယွင်း မလုပ်ဘူးလို့ သူယုံကြည်စိတ်ချပါတယ်။ သူပြောတဲ့စကားတွေအကုန်လုံးကိုလည်း နားထောင်နေမယ်လို့ သူယုံကြည်ပါတယ်။ ဒါပေမဲ့လည်း ရန်သူကဝင်လာပါတယ်။အဲဒီရန်သူက အင်မတန်မှ လှည့်ဖျားပြီးတော့ အင်မတန်မှ လိမ်မာပါးနပ်စွာဖြင့် သူ၏သမီးကိုလှည့်ဖျားလိုက်ပါတယ်။ မိမိကိုယ်ကိုမိမိလည်း မဟုတ်တဲ့အပြု အမူတွေ ပြုမူတယ်။ အချို့အမျိုးသမီးတွေကလည်းသင့်သားနဲ့ထွက်သွားမှာ ဖြစ်ပါတယ်။ သူ အဲလိုဝင်လာပြီး တော့ ဘုရားသခင်ရဲ့ ရန်သူဟာ ဧဝကိုနှုတ်ကပတ်တော်ကို မှားယွင်းစွာ အနက်ဖွင့်အောင်လို့ လုပ်လိုက်ပါ တယ်။

34 ၃၄။ သူသည်သူကျဆုံးမှုအားဖြင့် အနိုင်ယူလိုက်ပါတယ်။ ဒေင်ဥယျာဉ်ကြီးကို ပိုင်ဆိုင်လိုက်ပါတယ်။ဒေင်ဥယျာဉ်ကြီးကို သိမ်းပိုက်လိုက်ပါတယ်။ သူအဲလိုမျိုးလှည့်ဖျားပြီးတော့ လိမ်ညာပြီးအုပ်ချုပ်လာတာနှစ် ပေါင်း ၆ဂဂဂ ရှိပါပြီ။ လူတွေကို လိမ်ညာ လှည့်ဖျားခြင်းဘဲ ဖြစ်ပါတယ်။ဘုရားသားသမီးတွေကို လှည့်ဖျားခြင်း ဘဲဖြစ်ပါတယ်။ သူတို့သည် လွတ်လပ်စွာ ကိုယ်ကျင့်တရားအားဖြင့်ရပ်တည်ဖို့ အခြေပြုထားတဲ့ လူသားတွေ ဖြစ်တဲ့အတွက် သူတို့လုပ်ချင်တာကို လုပ်ပိုင်ခွင့်ရှိပါတယ်။အဲဒါကို ယုံကြည်ခြင်းအားဖြင့် သူသည် ဒီကမ္ဘာကြီး ပေါ်မှာ သူ့ရဲ့ ဒေင်ဥယျာဉ်ြ်ကီးကို တည်ထောင်ခဲ့ပါတယ်။အပြစ်ထဲမှာ တည်ထောင်ခြင်းဘဲ ဖြစ်ပါတယ်။

35 ၃၅။ ဘုရားသခင်ရဲ့ဒေင်ကတော့ ဖြောင့်မတ်ခြင်းအားဖြင့် တည်ထောင်ခဲ့ပါတယ်။ စာတန်ရဲ့ ဒေင်ဥယျာဉ်က တော့ အပြစ်ထဲမှာတည်ထောင်ခြင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စာတန်က အပြစ်သားဖြစ်လို့ပါ ဘဲ။ ဘုရားသခင်ကဖြောင့်မတ်ပါတယ်။ ဘုရားသခင်ရဲ့နိုင်ငံတော်ကို ဖြောင့်မတ်ခြင်းနဲ့ တည်ထောင်ပါတယ။် ငြိမ်သက်ခြင်းအသက်တာစသည်တို့ဖြင့် တည်ထောင်ပါတယ်။ စာတန်ကတော့ သူသည်အပြစ်အားဖြင့် သူ့နိုင်ငံကို တည်ထောင်တယ်။ဘာသာရေး အပြစ်ကြောင့်ဘဲ ဖြစ်ပါတယ်။

သူမည်သည့်နည်းဖြင့် လှည့်ဖျားတယ်ဆိုတာကိုကြည့်ပါ။ သူ့ရဲ့လှည့်ဖျားမှုကတော့ သူပြောတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ သူ အဲဒီလိုလုပ်ဖို့ဂတိပေးထားပါတယ်။ တစ်ယောက်ယောက် အဲဒီအကြောင်းကို သိပါသလား? (ဟေရှာ အနာဂတ္တိကျမ်း)ကိုကျွန်တော်တိ ့ ကြည့်မယ်ဆိုရင် အဲဒီမှာ ကျွန်တော်တို့ ကောက်နုတ်နိုင်တဲ့အချက် ရှိပါတယ်။(ဟေရှာယ ၁၄)ကို ကြည့်ရမှာ ဖြစ်ပါတယ်။ စာတန်ဘာပြောသလဲဆိုတာကို သိရမှာ ဖြစ်ပါတယ်။ (ဟေရှာယ၁၄)ကို ကျွန်တော်တို့ ပြောမှာဖြစ်ပါတယ်။ ဒီစာတန်က ဘယ်လိုလုပ်သလဲဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။(ဟေရှာယ ၁၄း၁၂) ဖြစ်ပါတယ်။ အိုနံနက်သားမိုးသောက်ကြယ် သင်သည် ကောင်းကင်က ကျလေပြီတကား။အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည် မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရပြီတကား။ သင်ကလည်းကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဖက် ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ ငါတက်မည်။အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု အကြံရှိလေပြီ။

36 ၃၆။ တစ်ခြားကျမ်းချက်တွေနဲ့အဲဒီကျမ်းချက်ကို နှိုင်းယှဉ်ကြည့်လိုက်ပါ။ (သက်သာလောနိတ် ဩဝါဒစာ)နဲ့ ပြန်ပြီး နှိုင်းယှဉ်ကြည့်ပါ။ သူဟာ ဘုရားသခင်ရဲ့ ဗိမာန်တော်ထဲမှာ ထိုင်ပြီးတော့ ဘုရားသခင်ရွေးချယ်ထားတဲ့အ ရာအားလုံးထက်သူ့ကိုယ်သူ ချီးမြှောက်ပါတယ်။

သူ့ကိုယ်သူ ဘုရားအဖြစ် ချီးမြှောက်ပြီး ဒီကမ္ဘာလောက ကြီးပေါ်မှာသူက ဘုရားကဲ့သို့ ဝတ်ပြုကိုးကွယ်ခြင်း ခံတာဖြစ်ပါတယ်။

ဒီကမ္ဘာလောကကြီးရဲ့ ဘုရားရှိပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကျွန်တော် အဲဒီအကြောင်းကို ဟောပြောခဲ့ ပါတယ်။ ဒီနေ့လည်း သူရှိနေပါတယ်။လှည့်ဖြားပါတယ်။ လှည့်ဖြားတဲ့ အချိန်နာရီဖြစ်ပါတယ်။ ကျွန်တော်တို့ နေထိုင် အသက်ရှင်တဲ့ကာလကအင်မတန် ကြီးကျယ်မြင့်မြတ်ပြီးတော့ ခြောက်ခြားဘွယ်ကောင်းတဲ့အချိန် ကာလ ဖြစ်ပါတယ်။ ခေတ်ကာလအဆက်ဆက်မှာလည်း ဘုန်းအထင်ရှားဆုံးအချိန် ဖြစ်ပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်တော်တို့ဟာအနှစ်(၁၀၀၀) အုပ်စိုးခြင်းကာလဖြစ်တဲ့ မိလေနိကာလကို မျက်နှာချင်းဆိုင်ရ တော့မှာ ဖြစ်ပါတယ်။ဒေဝိဥယျာဉ်ကြီးကို တစ်ဖန်ပြန်လည် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီခေတ်ကာလမှာ လှည့်ဖြားမှုတွေအားလုံးနည်းဗျူဟာတွေအားလုံး သူသုံးသမျှအရာတွေအားလုံးဟာ လှည့်ဖြားမှုကို ခံရမှာဖြစ်ပါတယ်။ သူကအားလုံးကို အတူတကွ စုရုံးပြီးတော့ ထားထားပါတယ်။ သူ့ကိုယ်သူလည်း အင်အားနဲ့ပြည့် စုံစေပါတယ်။ဘုရားသခင်ကဲ့သို့ ဆင်းသက်လာတယ်။ ဘုရားသခင်ရဲ့နေရာမှာ သူ့ကိုယ်သူထားတယ်။ ဘာသာရေးဖြစ်တယ်။ကျမ်းချက်တွေကိုလည်း အညွှန်းပြုလေ့ရှိပါတယ်။ ကျမ်းချက်တွေကိုလည်း သင့်ကိုပြောပြလေ့ရှိပါတယ်။စာတန်က ဧဝကို ဒေဝိဥယျာဉ်ကြီးထဲမှာ ပြောသလိုဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း နှုတ်ကပတ်တော်နဲ့ပတ်သက် လို့ တစ်ခုကိုတော့ ဖတ်ထားရမှာ ဖြစ်ပါတယ်။ သူလုပ်ရမဲ့အရာက အဲဒါဘဲ ဖြစ်ပါတယ်။အဲလိုအကွာအဝေး လုပ်ထားရမှာ ဖြစ်ပါတယ်။ နတ်ဆိုးရဲ့ အဆိပ်သြဝါဒ ရှိတဲ့နေရာ အဲဒီမှာ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းအားဖြင့် စစ်ချရမှာ ဖြစ်ပါတယ်။ ဟိုညရဲ့ကျွန်တော်တို့ ပြောတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။

37 ၃၇။ ယခုအခါမှာသူဆိုတဲ့အတိုင်းဘဲ အမြင့်မားဆုံးသော ဘုရားသခင်အထက်မှာ သူ့ကိုယ်သူ ချီးမြှောက် မယ်လို့သူဆိုထားပါတယ်။ သူဟာ မိုးတိမ်တွေအထက်မှာ ကြယ်တာရာတွေ အထက်မှာ ရှိပြီးတော့ ဘုရားကဲ့သ့ိုထိုင်မယ်။ အမြင့်မြတ်ဆုံးသော ဘုရားရဲ့ အထက်မှာ ထိုင်မယ်လို့ ဆိုပါတယ်။ သူ့ရဲ့တိုက်ခိုက်မှုတွေကိုသူက အောင်မြင်စွာ ပြုလုပ်နိုင်ပါတယ်။ သူ့မှာ အံ့သြဘွယ် အောင်မြင်မှုရှိပြီးတော့ သူ့ရဲ့တိုက်ခိုက်မှုတွေကိုသူပြုလုပ် နိုင်ခဲ့ပါတယ်။ လူတွေအားဖြင့် သူက အဲဒီအကြောင်းအရာတွေကို ရှင်းပြနိုင်ခဲ့ပါတယ်။ခေတ်ကာလ အဆက် ဆက်မှာလည်း ဘုရားသခင် ဂတိပေးထားတဲ့ နှုတ်ကပတ်တော်ရဲ့တန်ဘိုးကို အဲဒီခေတ်ကာလအတွက်သူက ပေးဆပ်နိုင်ခဲ့ပါတယ်။ အဲဒီအတိုင်း အတိအကျဘဲ သူလုပ်ခဲ့ပါတယ်။ ခေတ်ကာလတိုင်းမှာဘဲသူကနှုတ်ကပတ် တော်ကို အဲလိုဘဲ ရှင်းပြခဲ့ပါတယ်။

38 ၃၈။ နောဧရဲ့ခေတ်ကာလမှာဘယ်လိုမှ ကောင်းကင်ကနေ မိုးရွာမချလာနိုင်ဘူးလို့ ရှင်းပြပါတယ်။ မိုးကောင်း ကင်မှာ မိုးရေမရှိဘူးလို့သူကပြောပါတယ်။ သူ့ရဲ့ ကြီးမားလှတဲ့ သိပ္ပံပညာဆိုင်ရာ ဧဝံဂေလိဟောပြောချက်ကို သူက ဒေဝိဥယျာဉ်ကြီးထဲမှာဟောပြောခဲ့ပြီး ဖြစ်ပါတယ်။ သူက လကမ္ဘာပေါ်မှာ ရှိနေတဲ့အရာတွေကို သူ့ရဲ့ ကရိယာတန်ဆာပလာတွေနဲ့သူပစ်ခတ်နိုင်ပါတယ်။ အဲဒီမှာ ရေခိုးရေငွေ့မရှိဘူးဆိုတာကို သူသက်သေပြမှာ ဖြစ်ပါတယ်။ဒါပေမဲ့လည်း ဘုရားသခင်က မိုးရွာချမယ်လို့ပြောပါတယ်။ သို့သော်လည်း စာတန်အောင်မြင် သွားပါတယ်။လူတွေရဲ့ စိတ်နှလုံးကို အဆိပ်ခတ်လိုက်ပါတယ်။ သိပ္ပံပညာဆိုင်ရာ သုတေသန ပြုလုပ်ချက်တွေနဲ့ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့လည်း တစ်ကယ်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က ဖြစ်မယ်လို့ဆိုတဲ့အ ရာက ဖြစ်ကို ဖြစ်ပါတယ်။ သူအဲဒီအမှုပြုပါတယ်။

39 ၃၉။ သခင်ယေရှုရဲ့ခေတ်ကာလမှာလည်း အလားတူဘဲ ဖြစ်ခဲ့ပါတယ်။ သူတို့ရဲ့ စိတ်နှလုံးတွေကို တစ်ဖန် သူက လှည့်ဖြားပြီးတော့အဆိပ်ခတ်လိုက်ပါတယ။် နှုတ်ကပတ်တော်ကို တလွဲမိပ္ပါယ်ဖွင့်ဆိုပါတယ်။ သင်ဟာ ဘုရားသားတော်ဖြစ်တယ်ဆိုရင်အခု ကျွန်တော် တွေ့ပါစေ။ ကိုယ်တော်ရှင်အမှုပြုပါ။ အဲဒါနဲ့ပတ်သက်လို့ တစ်ခုခု လုပ်ပါလို့ဆိုပါတယ်။

သခင်ယေရှု သူ့ကို ဟာသမလုပ်ပါဘူး။ ဘယ်တော့မှမလုပ်ပါဘူး။ ဘုရားသခင်က ဟာသလုပ်တဲ့ လူရွှင်တော် မဟုတ်ပါဘူး။ စာတန်မေးသမျှကိုလည်း ဘာမှပြန်ဖြေစရာ မလိုပါဘူး။ သခင်ယေရှု ယေရှုဘာပြော သလဲဆိုတော့ အဲဒီလိုဘဲရေးထားတယ်။ နှုတ်ကပတ်တော်ရေးထားတယ်လို့ ဆိုတယ်။ လူဟာ မုန့်အားဖြင့်သာ အသက်ကို မွေးတာမဟုတ်ဘူး။ ဘုရားသခင် နှုတ်ကပတ်တော်အားဖြင့်အသက်မွေးတာလို့ ပြောပါတယ်။ သူဘာမှ ဟာသလုပ်စရာ မရှိပါဘူး။ ပေါင်မုန့်လည်း လုပ်စရာမလိုပါဘူး။ တစ်ကယ့်တစ်ကယ် သူစာတန်ရဲ့ စကားကိုသာ နားထောင်မယ်ဆိုရင် သူလုပ်မယ်ဆိုရင် သူလုပ်နိုင်ပါတယ်။ဒါပေမဲ့လည်း စာတန်ရဲ့စကားကို နားထောင်စရာ မလိုပါဘူး။

40 ၄၀။ တစ်ဖန်ဘာသာရေး အပြစ်ရှိပါတယ်။ အစအဦးမှာ ကဲ့သို့ဘဲ ဖြစ်ပါတယ်။ အင်မတန် လှည့်ဖြားမှုနဲ့ ပြည့်စုံပါတယ်။အခုအခါမှာ အဲဒါကို ကြည့်နိုင်ပါတယ။် နှစ်စဉ်ပြုလုပ်တဲ့ အပြစ်အဟောင်းတွေက အဟောင်း တွေသက်သက်မဟုတ်ပါဘူး။ သူ့သားမယားကို ပစ်မှားခြင်း၊ အရက်သေစာသောက်စားခြင်း၊ ဘုရားသခင်၏ နာမတော်မြတ်ကိုအချည်းနှီးမြွက်ဆိုခြင်း အဲဒါတွေမဟုတ်ပါဘူး။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ခင်ဗျားတို့တော်တော်များများဒီနေရာမှာ ရှိပါတယ်။ ရှေးခေတ်ကလူများ ဘဲဖြစ်ပါတယ်။ ကျွန်တော်ဟောပြောခဲ့တဲ့ တရားဟောချက်ကိုသတိရမှာဖြစ်ပါတယ်။ စိတ်ပျက်ခြင်းများအ တွက် Disappointmentလို့ခေါင်းစဉ်တပ်ထားတဲ့ တရားဟောချက်တခုဘဲဖြစ်ပါတယ်။ စိတ်ပျက်ခြင်းများတ ရား စီရင်ခြင်းများနဲ့Disappointed ဖြစ်ပါတယ်။ ပြည်တန်ဆာဘဲဖြစ်ပါတယ်။ သူမက အဲဒီအချိန်မှာ စိတ်ပျက် သွားမှာဖြစ်ပါတယ်။ သူမဘယ်ကို သွားနေလဲဆိုတာကိုသူမကိုသူမသိပါတယ်။ အရက်သမား အဲဒီမှာစိတ်ပျက် မှာမဟုတ်ပါဘူး။ ပုလင်းသမား၊ လောင်းကစားသမား၊လူလိမ်၊ လူညာ၊ သူခိုး သူတို့တွေက စိတ်ပျက်မှာမ ဟုတ်ပါဘူး။ သူ့ကိုယ်သူမှန်တယ်လို့ထင်တဲ့သူကဘဲ စိတ်ပျက်မှာ ဖြစ်ပါတယ်။ အဲဒီလူဖြစ်ပါတယ်။

အဲဒီလူက ဘာပြောမလဲဆိုတော့ ကိုယ်တော်ရှင်ကျွန်တော် ဧဝံဂေလိတရားကို မဟောပြောခဲ့ဘူးလား ?နတ်ဆိုးတို့ကိုလည်း ကိုယ်တော်ရှင်ရဲ့ နာမဥ္ဇ မနှင်ထုတ်ခဲ့ဘူးလားလို့ မေးမှာ ဖြစ်ပါတယ်။

41 ၄၁။ သခင်ယေရှုဘာပြောလဲဆိုတော့ငါ့နောက်ကနေ ထွက်သွားပါ။ ဒုစရိုက်လုပ်တဲ့သူ နင်တို့ကို ငါလုံး၀ မသိဘူးလို့ပြောမှာ ဖြစ်ပါတယ်။

အဲဒီမှာ သူတို့စိတ်ပျက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကတော့ လှည့်ဖျားခံရခြင်းဘဲ ဖြစ်ပါတယ်။

ကျွန်တော် အမြဲတမ်းဘဲ နားလည်မှု လွဲတဲ့အရာဘဲဖြစ်ပါတယ်။ ကျွန်တော် တမျိုးတမည်ဖြစ်ချင်လို့ မဟုတ်ပါဘူး။ ကျွန်တော် ထူးထူးခြားခြားမဖြစ်ချင်ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော် ရိုးရိုးသားသားဖြစ်ချင်ပါ တယ်။ ကျွန်တော့်မှာသတင်းစကားရှိပါတယ်။ အဲဒီ သတင်းစကားက လူတွေထံကို ရောက်ရမှာ ဖြစ်ပါတယ်။ အရမ်းကို နားလည်မှုလွဲစေတဲ့အရာ ဖြစ်ပါတယ်။ လူတွေထံမှာ နားလည်မှု လွဲစေတဲ့အရာ ဖြစ်ပါတယ်။ ကျွန်တော်က လူတိုင်းကိုဆန့်ကျင်တယ်လို့သူတို့က ယုံကြည်ပါတယ်။ သူတို့သိပါတယ်။ ကျွန်တော်ကတော့ လူတိုင်းထံကဘဲဖြစ်ပါတယ်။ အကောင်းဆုံး ကျွန်တော် အဲဒီသမ္မာတရားကို သူတို့ထံကို ယူဆောင်လာခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့နှလုံးသားထဲမှာ ရှိနေပါတယ်။ သမ္မာကျမ်းစာထဲမှာ ရှိတဲ့အတိုင်းလည်း ဖြစ်နေပါတယ်။ဘုရားသခင်ကလည်း အဲဒါသမ္မာတရားဆိုတာကို သက်သေခံထားပါတယ်။ ဒါကြောင့် မို့လ့ိုဘာမှ ဘာတစ်ခုမှလုပ်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ အဲဒါကို ကြည့်မယ် ဒါမှမဟုတ် မကြည့်ဘူးဆိုရင် ရနိုင်ပါတယ်။

42 ၄၂။ သူတို့ကတော့မကြည့်ချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးကို ရောင်းချလိုက်ပြီးလို့ပါဘဲ။သူတို့ရဲ့သားဦးအရာတွေကို အဖွဲ့ြအစည်းတွေကို ရောင်းချလိုက်တယ်။ ဂိုဏ်းဂဏတွေကို ရောင်းချတယ်။သူတို့ ရဲ့သားဦးအရာတွေကို သူတို့ရောင်းချပြီးတော့ သူတို့ကောင်းကင်နိုင်ငံကို ရောက်ဖို့ကြိုးစားကြပါတယ။် အဖွဲ့ြအစည်း ဖွဲ့စည်းထားတဲ့ ဘာသာရေးရဲ့ အခြေအမြစ်ဘဲ ဖြစ်ပါတယ်။ စာတန်ကတော့အဲဒါရဲ့ ဦးခေါင်း ဦးဆောင်ပြုသူဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က အဖွဲ့ြအစည်း ဖွဲ့စည်းပြီးသားဘာသာရေး သူ့မှာ မရှိပါဘူး။ ဘယ် တော့မှ မရှိပါဘူး။ သူတို့ အဲဒါကို ရောင်းထုတ်လိုက်ပါတယ်။လူတစ်စု ဖြစ်ပါတယ်။ နှုတ်ကပတ်တော် ဖြစ်ပါ တယ်။ နှုတ်ကပတ်တော်ကို အနက်ဖွင့်ဆိုပြီးတော့ဒီလိုအဓိပ္ပါယ်ရတယ။် ဟိုလိုအဓိပ္ပါယ်ရတယ်၊ ဆိုပြီးတော့ အနက်ဖွင့်ဆိုခြင်းဘဲ ဖြစ်ပါတယ်။

ဘုရားသခင်မှာကတော့ အနက်ဖွင့်ဆိုသူ မလိုပါဘူး။သူ့ဟာနဲ့သူဘဲ အနက်ဖွင့် ဆိုပါတယ်။ ဘယ်လို လုပ်ရမယ်ဆိုတာကိုလည်း ဘယ်သူကမှ သူ့ကိုပြောစရာမလိုပါဘူး။သူက အချုပအ် ခြာ အာဏာပိုင်ဆိုင်တဲ့သူ ဖြစ်ပါတယ်။ သူဘယ်လိုလုပ်ရမလဲဆိုတာကို သူသိထားတာသူပြောနိုင်ပါတယ်။သူက သူ့ရဲ့နှုတ်ကပတ်တော်အ တိုင်းဘဲ သူတည်မှာ ဖြစ်ပါတယ်။ သူဘာပြောလဲဆိုတော့ ယုံကြည်တဲ့သူတွေကိုအိမ်မက်လက္ခဏာတွေ ဖြစ်ထွန်းလာလိမ့်မယ်လို့ ဆိုပါတယ်။ အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ သူဖြစ်လာမယ်လို့ပြောတဲ့အရာ ဘာဘဲဖြစ် ဖြစ် အဲဒီနောက်ဆုံးသောနေ့ရက်တွေမှာ ဖြစ်မယ်လို့ ပြောတဲ့အခါမှာသူတစ်ခုခုကို လုပ်ဖို့ဘဲ ဖြစ်ပါတယ်။ သူအမှုပြုမှာ ဖြစ်ပါတယ်။ ဘယ်သူ့ကိုမှ သူမေးစရာမလိုပါဘူး။ အချိန်ကျပြီ၊ မကျဘူးဆိုတာကိုမေးစရာ မလိုပါဘူး။ အချိန်ဘာလဲဆိုတာ သူသိပါတယ်။အကြံအစည် ဘာလဲဆိုတာကိုလည်း သိပါတယ်။

43 ၄၃။ အခုအခါမှာစာတန်က လှည့်ဖျားသူ ဖြစ်ပါတယ်။ (မဿဲ ၂၄ႏ၂၄)မှာ ဆိုထား သလိုဘဲ လှည့်ဖျားမှုတွေ များစွာရှိပါတယ်။ သူ့ရဲ့ဇဝံဂေလိအစီအစဉ် အသိပညာတွေ အားဖြင့် ကျွန်တော်တို့ တွေ့ရပါတယ်။ ပိုကောင်းတဲ့ ပညာရေး၊ကိုယ်ကျင့်သိက္ခာပိုမို ကောင်းမွန်ခြင်း၊ လူမှုအဖွဲ့အစည်း စသည်တို့ဘဲ ဖြစ်ပါတယ်။ လူတွေကိုလှည့်ဖျားပါတယ်။ ဘုရားသခင်ကို အစေခံချင်တဲ့သူတွေကို သူ့ရဲ့အလိမ်အညာတွေကို ယုံကြည်ဘို့အတွက်သူက လှည့်ဖျားခြင်းဘဲဖြစ်ပါတယ်။

ဧဝ အဲဒီလို မလုပ်ချင်ပါဘူး။ ဒါပေမဲ့လည်းသူက ဧဝကို ဘယ်လို ပိုပြီးတော့ အသိပညာတွေရှိမလဲဆို တာပြသလိုက်ပါတယ်။ သူမက မသိပါဘူး။သူမက သိချင်တဲ့အရာ ရှိတော့ရှိပါတယ်။ သူမ နားမလည်ပါဘူး။ ဒါပေမဲ့လည်းသူမ သိစေလိုပါတယ်။ဘုရားသခင်က သူမကို နားလည်ဘို့ မကြိုးစားဘို့ ပြောပါတယ်။

ဤအရာနဲ့ ပတ်သက်၍ မည်သို့ ကျွန်တော် နားလည်လာနိုင်ပါမည်နည်း။ကျွန်တော် နားမလည်နိုင်ပါ။ သူတို့ကို ယုံကြည်ပါတယ်။ တစ်ကယ်ဆို သူတို့ကိုနား လည်ဘို့အတွက်မလိုအပ်ပါဘူး။ ဘုရားသခင်က ယုံကြည်ခြင်း ဖြစ်ပါတယ်။ နားလည်ခြင်း မဟုတ်ပါဘူး။ ကိုယ်တော်ရှင်မိန့်တော်မူတာကို ကျွန်တော်တို့ ယုံ ကြည်ခြင်း သက်သက်ဘဲ ဖြစ်ပါတယ်။

44 ၄၄။ ဘုရားသခင်ရဲ့ဧဒင်ကနေစာတန်ကို ယခုအခါမှာ နှစ်ပေါင်း(၆၀၀၀)အတွင်း ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ဂတိတော် နှုတ်ကပတ်တော် ဂတိတော် စစ်မှန်တဲ့ အနက်ဖွင့်ဆိုခြင်းကို ဒီခေတ်ကာလအတွက် ပြောင်းလဲလိုက်ခြင်းဖြစ်ပါတယ်။ အခုအခါမှာ နှိုင်းယှဉ်ကြည့်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘယ်ကို ရောက်လဲဆိုတာကိုလည်း ကြည့်ရမှာ ဖြစ်ပါတယ်။ အသင်းတော်ကို သူပြုလုပ်တဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ခရစ်တော်ရဲ့ အသင်းတော် အချိန်ကာလကဘဲ ဖြစ်ပါတယ်။ ယေရှုရဲ့ အချိန်ကာလ ဖြစ်ပြီးတော့ ဘုရားသခင်ရဲ့အပေါ်မှာသစ္စာရှိတဲ့ သားသမီးတွေကို သမ္မာတရားကို သိခြင်းမှ လွဲဖယ်သွားနေအောင် ကြိုးစားနေခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က သူ့သားသမီးတွေကို အဲဒီမှာ ထားပါတယ်။သူနဲ့ စရိုက် လက္ခဏာတူတဲ့သူတွေကို အဲဒီမှာ ထားပါတယ်။ သူနဲ့ မိဿဟာယွဲ့ဖွဲ့ပြီးတော့ သူ့ရဲ့နှုတ်ကပတ်တော်ကိုကြားနာဘို့ဘဲ ဖြစ်ပါတယ်။

45 ၄၅။ သင့်ခမည်းတော်ကသင့်ကိုပြောပြတဲ့အခါမှာ ဘာဖြစ်ပါသလ။ သင်ဟ ာ သင့်ရဲ့ဖခင်ရဲ့သစ္စာရှိတဲ့သား ဖြစ်ပါတယ်။သူက သင့်ကို ဘာပြောလဲဆိုတော့ သားအဲဒီ ရေထဲကို မသွားပါနဲ့၊ ရေမကူးပါနဲ့၊ အဲဒီမှာဆိုရင်ရေထဲမှာ မိကျောင်းတွေ ရှိတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ လူတစ်ယောက်က ပြန်လာပါတယ်။ ပြီးတော့ဘာပြောလဲဆိုတော့ အင်မတန်လှပတဲ့ ရေတွေ ဖြစ်ပါတယ်။ အဲဒီအထဲမှာ မိကျောင်းတွေ မရှိပါဘူး။အခုအခါမှာ ဘယ်သူ့စကားကို နားထောင်ရမှာလဲ။ သင်ဟာ တစ်ကယ်စစ်မှန်တဲ့ ဘုရားသားသမီးဖြစ်တယ်ဆိုရင်သင်ရဲ့ ဖခင်ရဲ့စကားကို သင်နားထောင်မှာဘဲ ဖြစ်ပါတယ်။

တစ်ကယ်စစ်မှန်တဲ့ ဘုရားသားသမီးတွေဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုပထမဆုံးလက်ခံပါတယ်။ ဘယ်သူ ဘာဘဲပြောပြော ကျွန်တော် ဂရုမစိုက်ပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုဘဲဦးစားပေးပြီး ပထမဆုံးစဉ်းစားထားပါတယ။် ခွက်ထဲမှာ အဆိပ်ရှိပါတယ်။ အဲလိုပြောလိုက်ရင်သူတို့ ယုံကြည်မှာ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်အားလုံးကိုယုံကြည်ခြင်းရှိတယ်။ သူ့ရဲ့မျိုးစေ့တွေကို အဲဒီဒေဝ်ဥ ယျာဉ်ကြီးမှာ ယူလာတယ်။ သန့်ရှင်းတဲ့ချစ်ခြင်းမေတ္တာနဲ့ထာဝရအသက် ဖြစ်ပါတယ်။ အဲဒီ ဒေဝ်ဥယျာဉ််ကြီးက ဘာကိုထုတ်လုပ်သလဲဆိုရင် အဲဒီအရာတွေ သန့်ရှင်းတဲ့အရာတွေကိုထုတ်လုပ်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီ ဒေဝ်ရဲ့ သန့်ရှင်းခြင်းကို ယူဆောင်လာပါတယ်။ ချစ်ခြင်းမေတ္တာ၊နားလည်မှု၊ အပြစ်ကင်းစင်ခြင်း၊ ထာဝရအ သက်၊ စသည်တို့ဘဲဖြစ်ပါတယ်။ အဲဒါကို ဘုရားသခင်ကစိုက်ပျိုးပါတယ်။ သူ့ရဲ့နှုတ်ကပတ်တော်၊ သူ့ရဲ့မျိုးစေ့ကို သူစိုက်ပျိုးခြင်းဖြစ်ပါတယ်။အဲဒါက သူ့ရဲ့ အသင်းတော်ဘဲ ဖြစ်ပါတယ်။ နောက်ဆုံးသော ခေတ်ကာလမှာ ရှိနေမဲ့ အသင်းတော်ဘဲဖြစ်ပါတယ်။ အလားတူအရာဘဲ ဖြစ်ပါတယ်။

46 ၄၆။ ဒီနေရာမှာစဉ််းစားစရာရှိပါတယ်။ မမေ့ပါနဲ့။ အဲဒီနေရာကို ရောက်ဖို့ရန်အတွက် ဒါမှမဟုတ် တခြားသတင်းတခုရဖို့ရန်အတွက်ပြုလုပ်ရမှာဖြစ်ပါတယ်။ ဘုရားသခင် ဘာပြောလဲဆိုတော့ မျိုးစေ့တိုင်း သူတို့နဲ့အမျိုးအစားတူတဲ့အရာကိုဆောင်ယူလာဘိုဘဲ ဖြစ်ပါတယ်။ သူက ဘုရားသခင်ရဲ့ပညတ်တော် ဟုတ်ပါ သလား။ ဘယ်တရားဟောဆရာဘဲဖြစ်ဖြစ်ဘာကောင်းပါသလဲ။ တစ်ယောက်ယောက်ဘဲ ရှိသလား။ အဲဒီ နှုတ် ကပတ်တော်ကိုတစ်ခုခု ပြုလုပ်ဖို့ရန်အတွက်ကြိုးစားပါ။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကတော့ မျိုးစေ့ဘဲ ဖြစ်ပါတယ။် သခင်ယေရှုမိန့်တော်မူပါတယ်။ စိုက်ပျိုးသောသူ စိုက်တဲ့မျိုးစေ့ဘဲ ဖြစ်ပါတယ်။ (မာကု ၁၆) က ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်ပါတယ်။အဲဒီအမျိုးအစားကို ယူဆောင်မှာ ဖြစ်ပါတယ်။(မာလခိ၄) ကတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့အတွက်သူ့ရဲ့အမျိုးအစားကိုလည်း သူက ဆောင်ယူမှာ ဖြစ်ပါတယ်။ ဘယ်ဂတိဘဲဖြစ်ဖြစ်သူနဲ့အမျိုးအစားတူတဲ့အရာကိုသူက ဆောင်ယူလာမှာ ဖြစ်ပါတယ်။

47 ၄၇။ စာတန်ကတော့အပြင်ဖက်မှာ ရောက်နေပြီးတော့ ရုပ်ဖျက်ထားပါတယ်။ သူက ပြောဆိုဘို့ ကြိုးစားနေပါတယ်။ ‘မဟုတ်ဘူး၊ မဟုတ်ဘူးလို့ ပြောပါတယ်။’ သင်ကထိုအရာကို နားလည်ပါသလား။ ပရိတ်သတ်ကလည်း ‘အာမင်’ လ့ိုဆိုပါတယ်။ (အယ်ဒီ တာမှတ်ချက်) စာတန်က ပြောပါတယ်။ ‘ဒီနေ့ရက်ကာလ အတွက် မဟုတ်ပါဘူး။ တခြားသောအချိန်ကာလအတွက်ဘဲ ဖြစ်ပါတယ်။ အဲဒီအရာကုိ ဆိုလိုခြင်းမဟုတ်ပါ ဘူး။’

မျိုးစေ့တိုင်း သူ့ရဲ့အမျိုးအစားတိုင်းပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဘုရားသခင်ဟာ ထိုနည်းအားဖြင့်သူ့ရဲ့ ဒေဝ်ဥယျာဉ်ကို ပျိုးထောင်ခဲ့ခြင်းဘဲဖြစ်ပါတယ။် အဲဒါဟုတ်ပါသလား။ ပရိတ်သတ်ကလည်း အာမင်လ့ို ု ပြောပါ တယ်။ (အယ်ဒီတာမှတ်ချက်)ဘုရားသခင်ဟာ သူ့အသင်းတော်ကို ဘယ်လိုအကောင်အထည်ဖေါ် ဆောင်ခဲ့သ လဲဆိုတာဘဲ ဖြစ်ပါတယ်။သူ့ရဲ့နှုတ်ကပတ်တော်အတိုင်း အမျိုးအစားတူညီပါတယ်။ လူသည် မုန့်အားဖြင့်သာအ သက်မွေးသည်မဟုတ်၊ဘုရားသခင် နှုတ်ကပတ်တော်အားဖြင့် အသက်မွေးတယ်လို့ ဆိုထားပါတယ်။စာတန်က တော့ တစ်ခုခုကိုယူလိုက်မှာ ဖြစ်ပါတယ။် ဒါပေမဲ့လည်း ဘုရားသခင်က ဘယ်မျိုးစေ့ဘဲဖြစ်ဖြစ် သူနဲ့တူညီတဲ့မျိုးစေ့တိုင်းလို့ ဆိုထားပါတယ်။

ဂတိတော်အတိုင်းဆိုထားတဲ့အရာကတော့ ‘ယုံကြည်သူတွေကိုဒီလိုနိမိတ်လ က္ခဏာတွေကိုပေါ် ထွက် လာစေမယ်လို့ဆိုထားပါတယ်။’

အသင်းတော်က ဘာပြောလဲဆိုတော့ ‘ဘုရားကျောင်းတစ်ခုခုမှာပါဝင်ပါ။ ယုံကြည်ချက်တစ်ခုခုကို လိုက် ဆိုပါ။ ဖြတ်ပုကိုးကွယ်မှု ထုံးတမ်းစဉ်လာအတိုင်းလိုက်နာပါ။’ သမ္မာကျမ်းစာထဲမာှ ထိုကဲ့သ့ို ု ပြောဆိုထားတဲ့ အရာများမရှိပါဘူး။

သို့သော်လည်း သခင်ယေရှု ဘာပြောလဲဆိုတော့ ‘ဒီနိမိတ်လက္ခဏာတွေဟာ ယုံကြည်သူတိုင်းမှာဖြစ် ပေါ်လာမှာ ဖြစ်ပြီးတော့ ငါရဲ့နာမဥ္စနတ်ဆိုးတို့ကို မောင်းထုတ်နိုင်မယ်။ အခြားသောဘာသာစကား အသစ် အဆန်းတွေကိုပြောမယ်။ မြွေဆိုးတို့ကိုကိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း သေစေနိုင်လောက်တဲ့ အဆိပ်တွေ ကိုကိုင်မယ်ဆိုရင် သူတို့ကိုအန္တာရာယ် မဖြစ်ဘူးလို့ ဆိုပါတယ်။ ဖျားနာနေတဲ့သူတွေအပေါ်မှာ လက်တင် ပြီးဆု တောင်းမယ်ဆိုရင်သူတို့ပြန်ပြီးကောင်းလာမယ်လို့ ဆိုပါတယ်။’ ဒါတွေအားလုံးကို ငြင်းပယ်နိုင်ဘို့အတွက်ဘယ်သူက ငြင်းပယ်နိုင်မှာလဲ။

48 ၄၈။ ဘယ်မျိုးစေ့ဘဲဖြစ်ဖြစ်သူတို့နဲ့သဏ္ဍာန်တူတဲ့ အမျိုးအစားပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ သင်ဟာ ဘုရား သခင်ရဲ့မျိုးစေ့ဖြစ်တယ်ဆိုရင် ဘုရားသခင်ရဲ့ပုံသဏ္ဍာန်တော်အတိုင်း ဘုရားသားတော် ဖြစ်မှာဘဲ ဖြစ်ပါတယ်။ပြ့ီးရင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ သင့်အထဲမှာ စိုက်ပျိုးထားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်က ပတ်တော်ကို ကြားသောအခါ ငါ့သိုးတို့သည် ငါ့အသံကို ကြား၏။ သူစိမ်းနောက်ကို သူတ့ို့မလိုက်လို့ ဆိုထားပါ တယ်။ ဘယ်မျိုးစေ့ဘဲဖြစ်ဖြစ် သူ့ရဲ့ အမျိုးအစားအတိုင်းဘဲ ပေါက်ဖွားလာပါတယ်။

49 ၄၉။ အခုအခါမှာကျွန်တော်တို့ တွေ့ရှိရပါတယ။် မျိုးစေ့တိုင်းဟာ သူနဲ့အမျိုးအစား တူတဲ့မျိုးစေ့ အပင်တွေကိုပေါ်ထွန်းလာစေပါတယ်။ ဒေဝ်ဥယျာဉ်ကြီးထဲမှာ သေဆုံးခြင်း၊ သေခြင်းတရား မရှိခဲ့ပါဘူး။ ဒေဝ်ဥယျာဉ်အသစ် မှာလည်း သေဆုံးခြင်း မရှိခဲ့ပါဘူး။ ဘာမှမကောင်းတဲ့အရာတွေ မရှိဘဲနဲ့ သန့်ရှင်းခြင်း၊မြင့်မြတ်ခြင်းနဲ့ထာဝရအ သက်ဘဲ ရှိပါတယ်။

မယုံ့ကြည်ခင်းအားဖြင့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်တွေအားလုံးထဲမှာဒေဝ်ဥယျာဉ်ကြီးထဲမှာ မသန့်ရှင်းတဲ့မျိုးစေ့တွေ ပေါ်ထွက်လာပါတယ်။ ကျွန်တော်တို့ဟာ ယခုအခါမှာစာတန်က ပလ္လင်ကို ယူဆောင် ခြင်း အထဲမှာရှိပါတယ်။ အန္တိခရစ်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးရဲ့ဒေဝ်ဥယျာဉ်ဘဲ ဖြစ်ပါတယ်။ အပြစ်ရဲ့ဒေဝ်ဘဲဖြစ်ပါတယ်။ ပြောင်းပြန်ဆန်တဲ့ ဘာသာရေးဘဲ ဖြစ်ပါတယ်။ သူစတင်ခဲ့ခြင်းကတော ‘ကျွန်တော် က စာတန်ဖြစ်တယ်။ ကျွန်တော်က ကြီးမြတ်တဲ့ စာတန်အဖြစ်နဲ့စတင်ခဲ့ခြင်း မဟုတ်ပါဘူး။’ အဲဒီအပေါ်မှာ စ တင်ခဲ့ခြင်း မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုပြောင်းပြန်ဖြစ်အောင်လုပ်ခြင်းဖြင့် စတင်ခဲ့ခြင်း ဖြစ်ပါတယ်။ ခေတ်ကာလတိုင်းမှာသူ့ရဲ့နိုင်ငံတော်ကိုသူက ယူဆောင်လာခြင်းဘဲ ဖြစ်ပါတယ်။ ဒီလှည့်ဖျားတဲ့ ခေတ်ကာလကြီးထဲမှာ သူ့ရဲ့ပလ္လင်ကိုသူကထိုင်ဘိုအတွက် သူကအဆင်သင့်ဖြစ်နေပါတယ်။ သူ့ရဲ့လူတွေ အား ဖြင့် ဖြစ်ပါတယ်။ သူကိုယ်သူတည်ဆောက်တဲ့အခါမှာ ပညာတတ် အသိပညာဆိုင်ရာ ကြွယ်ဝတဲ့ဒေဝ်အဖြစ် စတင်ခဲ့ပါတယ်။ သိပ္ပံနည်းကျတရားဟောဆရာတွေ၊ သိပ္ပံနည်းကျအသင်းတော်တွေ၊

သိပ္ပံနည်းကျ သီအိုရီ လော်ဂျီပညာတွေ အားလုံးဟာသိပ္ပံနည်းကျဖြစ်နေပါတယ်။ အားလုံးကလည်း အသိပညာအပေါ်မှာ အခြေပြု နေပါတယ်။ အသင်းတော်တစ်ခုလုံးကိုအသိပညာအပေါ်မှာ အခြေပြုပါတယ်။ ယုံကြည်ခြင်းအပေါ်မှာ အခြေပြု ခြင်း မဟုတ်ပါဘူး။

50 ၅၀။ တချိန်တခါကကျွန်တော်က အမျိုးသားတွေရဲ့ အသင်းတော်မှာ သွားပြီးတော့ ဝတ်ပြုစည်းဝေး လုပ်ရပါ တယ်။အနောက်ပိုင်း နယ်မြေမှာရှိတဲ့ အင်မတန်ကြီးမားတဲ့ လူထုစည်းဝေးကြ ီ ခန်းမကြီး၊ အားကစားခန်းမ ကြီးဘဲ ဖြစ်ပါတယ်။ လူတွေကလည်း လူကြီးလူကောင်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောဆိုနေတဲ့အကြောင်း အရာတွေ အားလုံးကိုသူတကို့ ငြင်းပယ်ပါတယ်။ သူက အင်မတန် လူကြီးလူကောင်းဖြစ်တယ်။သူ့ကိုလည်း ကျွန်တော်ကအင်မတန်နှစ်သက်ပါတယ်။ သူကလည်း အသက်ကြီးပြီဖြစ်ပါတယ်။ သူ့ရဲ့ပရိတ်သက်ထွက်သွား တဲ့အခါမှာတစ်ကယ်တမ်း ရေတွက်ကြည့်မယ်ဆိုရင် ထိုင်ခုံပေါင်း (၆၀၀၀)လောက်ရှိပါတယ်။နေ့လည် ဝတ်ပြု စည်းဝေးပြီးသွားတဲ့အခါမှာ သူ့ရဲ့ပရိတ်သတ်တွေ ပြန်သွားကြကြပါတယ။် သူတို့အားလုံးဟာ ဝတ်ကောင်း စားလှတွေ ဝတ်ဆင်ထားပြီးတော့ တန်ဘိုး ကြီးတဲ့အဝတ်အစားတွေနဲ့ အင်မတန်ပညာတတ်တဲ့သူတွေဖြစ်ပါ တယ်။ လူ(၁၅၀)လောက်ရှိပါတယ်။ ကျွန်တော် အဲဒီမှာ ထိုင်ပြီးတော့သူတို့က ိ ကြည့်နေမိပါတယ။်

သူဟောပြောတဲ့ တရားဟောချက်က အရမ်းကောင်းမွန်တဲ့တရားဟောချက် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက ခရစ်တော်ကို လက်ခံ ်မဲ့သူတွေရှိလားဆိုပြီးမေးပါတယ။် ခရစ်တော်ကို လက်ခံမဲ့သူတွေရှိရင် သူတို့လက် မြှောက်ပေးဘို့ ပြောပါတယ်။ ဘယ်သူမှသူတို့လက်တွေကို မမြှောက်ကြပါဘူး။ နောက်ဆုံးအမျိုးသမီး တစ် ယောက်ကသူမလက်ကို မြှောက်ပါတယ။်ကောင်းပြီ။ သင်ဟာ ခရစ်ယာန်ဖြစ်တယ်။ သူမကို ဗတ္တိဇံအတွက် ပြင် ဆင်လိုက်ပါတယ်။နောက်ပြီးတာနဲ့သူထွက်သွားတယ်။ ကလေးငယ်လေးတစ်ယောက်ကို ချီလိုက်ပါတယ်။ ကလေးငယ်လေးကိုနမ်းပါတယ်။ နောက်ပြီးတော့ဆုတောင်းပေးပါတယ်။ နောက်ပြီးတော့ ပရိတ်သတ်တွေကို ပြန်ခွင့်ပြုလိုက်ပါတယ်။

51 ၅၁။ သူ့ရဲ့ပရိတ်သတ်တွေ သူ့ရဲ့အသင်းသူအသင်းသားတွေ ထွက်သွားတဲ့အခါမှာ အားလုံးဟာ ပညာ တတ်တွေတန်ဘိုးကြီးတဲ့အဝတ်အစားတွေ အကုန်လုံးဟာလည်း ကျမ်းတတ်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ကျွန်တော် ဘေးနားမှာရပ်ပြီးတော့တစ်ယောက်ကို တစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီးတော့ ဘုရားသခင်ရဲ့ နာမ၌ သူ့ကို နှုတ်ဆက်လိုက်ပါတယ်။

အဲလိုလုပ်ပြီးတဲ့အခါမှာ ကျွန်တော်ရဲ့ပရိတ်သတ်တို့သတိဝင်လာပါတယ်။သူတို့က သူတို့ကို မဝင်စေပါ ဘူး။ သူတို့ ပရိတ်သတ်တွေ ရှိနေပါတယ်။ ကျွန်တော့်ရဲ့ ပရိတ်သတ်တွေရောက်လာပါတယ်။ ဘီးတပ်ကုလား ထိုင်တွေ၊ ဂျိုင်းထောက်တွေ၊ ဦးနှောက် မကောင်းတဲ့သူတွေ၊ နောက်ပြီးတော့ပတ်တီးတွေ စည်းထားတဲ့သူတွေ၊ ခြေတုလက်တုတွေ တပ်ထားတဲ့သူတွေ၊ လည်ပင်းကျည်းပေါင်းတြက်ပီးလည်ပင်းကော်လံထောင်ထားရတဲ့ သူတွေ၊ အမျိုးမျိုးတွေ့ရပါတယ်။ အဲဒီအကြောင်းကို ကျွန်တော်ပြောဆိုနေပါတယ်။ ကွာခြားချက်ကို သဘော ပေါက်ပါသလား?

52 ၅၂။ သိပ္ပံပညာ၊အသိပညာအားဖြင့် သင်က ဧဝံဂေလိတရားကို နားလည်အောင် လုပ်နိုင်ပါတယ်။ သခင်ယေရှု ကို ယုံကြည်တဲ့သူတွေဟာဘယ်တော့မှ အပြစ်စီရင်ခြင်းကို မခံရပါဘူး။

ဒီနိမိတ်လက္ခဏာတွေက ယုံကြည်တဲ့သူတွေအတွက်ဖြစ်လာမှာ ဖြစ်ပါတယ်။ သူက အဲဒါကို အဲဒီအထဲ မှာထည့်ထားဘို့အတွက် ပျက်ကွက်ခဲ့ပါတယ်။ သခင်ယေရှုကိုသူမကယုံကြည်ပါတယ်။ သူမက ကယ်တြင်ခင်း ရပြီး ဖြစ်ပါတယ်။ ဒီနိမိတ်လက္ခဏာတွေဟာ ယုံကြည်သူတွေနဲ့အတူတွဲပြီး ပါလာမှာဘဲ ဖြစ်ပါတယ်။

ကျွန်တော်ပြောတဲ့ နှုတ်ကပတ်တော်ကို ကြားနာတဲ့သူတွေနားလည်နိုင်ကြပါစေ။ ကြားနာရုံသက်သက် မဟုတ်ဘဲ နှုတ်ကပတ်တော်ကို တစ်ကယ်နားလည်ဘို့ဘဲဖြစ်ပါတယ်။တစုံတစ်ယောက်သောသူက နှုတ်က ပတ်တော်ကို ကြားနာနိုင်မယ်ဆိုရင် ပြည်တန်ဆာ တစ်ယောက်ကလည်းအဲဒါကို ကြားနာနိုင်မှာ ဖြစ်ပါတယ်။ ကြားနာပြီးတော့ဘဲ ဆက်လက်ပြီးတော့ဘဲ ပြည်တန်ဆာအဖြစ်နဲ့တည်ရှိနေမှာဖြစ်ပါတယ်။ အရက်သမားလည်း အဲဒါကို ကြားနာနိုင်ပါတယ်။ လိမ်လည်လှည့်ဖျားသူကလည်း အဲဒါကိုကြားနာနိုင်ပါတယ်။ ကြားနာနေပြီးတော့ လည်း အဲဒါကို ဆက်လက် လိမ်လည်လှည့်ဖျားမှာဘဲ ဖြစ်ပါတယ်။ငါ့ရဲ့နှုတ်ကပတ်တော်ကို နားလည်တဲ့သူ ကိုယ်တော်ရှင်ကို ယုံကြည်သောသူ၊ ငါ့ကို စေလွှတ်သောသူကိုယုံကြည်သောသူမှာ ထာဝရအသက်ရှိပါတယ်။

ဘုရားသခင်က သူ့ကို ကြိုတင်ပြီး ဘိသိတ်ပေးထားခြင်းမရှိဘူးဆိုရင် ဘယ်သူမှ အဲဒါကို လုပ်နိုင်မှာ မဟုတ်ပါဘူး။ သခင်ယေရှုက ဘာပြောလဲဆိုတော့ဘယ်သူမှ ငါ့ထံကို ရောက်လာနိုင်မှာ မဟုတ်ပါဘူး။ ငါ့ခ မည်းတော်က ဆွဲခေါ်မှသာရနိုင်မှာဖြစ်ပါတယ။် ငါ့ခမည်းတော် ငါ့ကို ပေးထားသမျှသောသူတို့ဟာ ငါ့ထံကို ရောက်လာကြမယ်လို့ ဆိုပါတယ်။အာမင်။ အဲဒါတွေအားလုံးဟာ ဘုရားသခင်ရဲ့ အသိအမြင်နဲ့ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် တစ်ကိုယ်တည်း နေထိုင်ပြီးတော့ ဘာလုပ်ရမလဲဆိုတာကို ကိုယ်တော်ကိုဘယ်သူကမှ မပြောပါဘူး။ တကမ္ဘာလုံးက ဘာသာတရားကိုင်းရှိုင်းနေတဲ့အချိန်ဘဲဖြစ်ပါတယ်။ အဲဒါကိုလည်းသင်သိပါသလား။ တကမ္ဘာလုံးမှ ဘာသာတရားကိုင်းရှိုင်းပါတယ်။ ဒီဘာသာရေးခေတ်ထဲမှာ အ သင်းတော်ကြီးတွေနေရာတိုင်းမှာ ရှိနေပါတယ်။ အရာခပ်သိမ်းအတွက် ပြည်စုံပါတယ်။ အရာတခုလုံး စာတန် ထဲမှာပတ်စည်းနေပါတယ်။ ဝတ်ပြုကိုးကွယ်ခြင်းခံ နေပါတယ်။ သမ္မာကျမ်းစာထဲမှာလည်း ဖော်ပြထားပါတယ်။ဒီအသိပညာ၊ ဓမ္မပညာများ အတွေးအခေါ်ပညာ၊ ကျမ်းစာကျောင်းတွေ၊ ပေါ်ထွက်လာပြီးတော့ ပညာတတ်ပုဂ္ဂိုလ်တွေကို ဘယ်လိုစကားပြောရမလဲ၊ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာကို သုံးလေးနှစ်ခန့်သင်ကြားပြီးတော့ လူတွေ ရဲ့ နှလုံးကို ဘယ်လိုလုပ်ရမလဲဆိုတာကို ဖော်ထုတ်ပါတယ်။

53 ၅၃။ ယခုမယုံကြည်ခြင်းသည် နှုတ်ကပတ်တော်ကို မတို့ထိနိုင်ပါ။ ယုံကြည်ခြင်း သည်မယုံကြည်သော မျိုးစေ့မသန့်ရှင်းခြင်းနှင့် အပြစ်မုန်းစိတ်နှင့် ကြည့်ခြင်းနှင့် ထာဝရသေခြင်းကို ပညာအားဖြင့်အသင်းတော်ကို တည်ထောင်ပြီး အချိန်ကာလကို သယ်ဆောင်လာပါသည်။

ယခုသင်လက်ခံပါပြီလား။ ဤနေ့ရက်မှာတလော ကလံးု ဘာသာရေးနှင့် အုပ်စိုးရသောအချိန်ကာလ ဖြစ်ပါသည်။ ထိုအရာများကို သင်သိပါသလား။လမ်းတိုင်း မှာ အသင်းတော်ကြီးများ ရှိပါသည်။ ထိုအသင်းတော်ကြီးများကို စာတန်က ချုပ်ကိုင်ထားပါသည်။ဤနေရာ ၌ကြည့်ပါ။ သမ္မာကျမ်းစာမှန်ကန်ကြောင်း တွေ့ရပါလိမ့်မည်။ ထိုအရာသည် မှန်ပါပြီ။ကိုယ်ပညာအားဖြင့် ဓမ္မ ပညာကျောင်းများ ကျမ်းစာကျောင်းများ တည်ထောင်ပြီး လူတွေကို ဘယ်လိုဟောရမလဲလို့သွန်သင်ပေးကြပါ သည်။ စိတ်ဘယ်လို လှုပ်ရှားရမည်နည်း။ စသည်အားဖြင့် သုံးနှစ်လေးနှစ်လောက်စိတ်ပညာများကို သင်ကြား ပေးခြင်းအားဖြင့် လူ၏စိတ်နှလုံးကို ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။

ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့ကျောင်းမှာသွန်သင်ပေးတဲ့ပုံစံအတိုင်း ရှိရမှာ မဟုတ်ပါဘူး။ အဲဒါကတော့ သင့်အထဲကို ကြိုတင်ခွဲခန့်မှတ်သားထားခြင်းဘဲဖြစ်ပါတယ်။ ကြီးမားမြင့်မြတ်လှတဲ့ ဘုရားသခင် ရဲ့လက်တော်အားဖြင့်ဘဲ ဖြစ်ပါတယ်။ သင်အတွေ့အကြုံများကတော့ကျောင်းမှာသွားပြီး သင်ယူလို့မရပါဘူး။ သင်အထဲကိုလည်း သင်ယူလို့မရပါဘူး။ ကြိုတင်ခွဲခန့်မှတ်သားခြင်းဖြစ်ပြီးတော့ဘုရားသခင်၏လက်တော်၊ ဘုရားသခင်ကြိုတင် သိမြင်တော်မူခြင်းအားဖြင့် သင်အထဲကို ရောက်ရှိခြင်းဘဲဖြစ်ပါတယ်။

54 ၅၄။ ဒီခေတ်ကာလမှာကြီးမားတဲ့ ဒေင်ကို ပေါ်ထွက်လာစေပြီး သင်ယခုအခါမှာ ထိုင်တဲ့ ဘောစင်ဘဲဖြစ်ပါ တယ်။ ကမ္ဘာလောကကြီးရဲ့အသင်းတော်ဘဲဖြစ်ပါတယ်။ သူတို့အားလုံးဟာ စုရုံးပြီးတော့ အင်မတန်ကြီးမားတဲ့ Ecumenical Council ကိုဖွဲ့စည်းပါတယ်။ ကမ္ဘာအသင်းတော်ကြီးတခုကိုတည်ထောင်ပြီးတော့ အားလုံးဦး ဆောင်မှုတခုတည်း၏အောက်မှာ လာရောက်ကြဖို့ုဘဲ ဖြစ်ပါတယ်။ စာတန်ကိုပလ္လင်ကိုအပ်မှာဖြစ်ပါတယ်။

နောက်ဆုံး ဆင့်ခေါ်ခြင်းကတော့ ပေါ်ထွက်လာပါပြီ။အဲဒါကတော့ သတိုးသမီးကို ဖမ်းဆီးဖို့ုဘဲ ဖြစ်ပါတယ်။ အဲဒီထဲမှာ မပါသွားအောင် ချီဆောင်ခြင်း၊ရုပ်သိမ်းခြင်းဘဲ ဖြစ်ပါတယ်။ အကယ်၍သူမအထဲမှာ မရှိဘူး ဆိုလို့ရှိရင် သားရဲ၏တံဆိပ်ကိုခံယူပြီးတော့ သူမဘယ်တော့မှ ထွက်ပေါ်လာတော့မှာ မဟုတ်ပါဘူး။ အဲဒါကတော့ အကြောင်းပြချက်ဖြစ်ပါတယ်။ သူတို့အထဲက ထွက်လာပါ။ ငါလူများလို့ ဆိုပါတယ်။ သူအထဲကို ဝင်မသွားခင်မှာ သူတို့အထဲကနေထွက်လာပါ။ သီးသန့်ခွဲခြားပြီးနေပါ။

55 ၅၅။ ယခုအခါမှာအမှန်းတရားနဲ့ထာဝရ ဘုရားသခင်နဲ့ ကွဲကွာခြင်းဘဲဖြစ်ပါတယ်။ ဒီဒေင်ဥယျာဉ်ကြီးထဲမှာ တော့ဖြစ်ပါတယ်။ ညစ်ညူးခြင်းတွေ လောဘလွန်ကျူးခြင်းတွေ ပုံကန်ခြင်းတွေဖြစ်နေပါတယ်။ မှားယွင်းတဲ့မျိုးစေ့ကိုစိုက်ခြင်းအားဖြင့် ဘဲဖြစ်ပါတယ်။

ယူပါရုံတခုကို ကျွန်တော် သတိရပါတယ်။ ပင်တေကုတ္တေလူတွေကိုမတွေ့ခင်ကဘဲ ဖြစ်ပါတယ်။ လူတစ်ယောက်ကမ္ဘာကြီးကို ပတ်သွားပါတယ်။ ထိုသူက ဝတ်လုံဖြူကိုဝတ်ထားပါတယ်။ ကျွန်တော် ခဏခဏ ပြောဘူးတာကို ကြားဖူးမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ လူတစ်ယောက်ကသူနောက်ပါလာပါတယ်။ ကွဲပြား ခြင်းမျိုးစေ့တွေကို စိုက်ပျိုးပါတယ်။

ဒါပေမဲ့လည်း သူက အနိုင ်ရသွားပါတယ်။ ဒေင်ဥယျာဉ်ကြီးထဲမှာဧဝက အပြစ်ကို လိုလားပြီးတော့ လွန် ကျူးခြင်းကြောင့်ဘဲဖြစ်ပါတယ်။ ဧဝရဲ့လောဘကြောင့်ဘဲဖြစ်ပါတယ်။ ဧဝက အသိပညာကို လောဘတက်ပါ တယ်။ အဲဒါအပြစ်ဘဲ ဖြစ်ပါတယ်။

ကျွန်တော် အသိပညာကို လောဘတတ်တယ်။ Ph. D., LLD တို့ လိုချင်တယ်ဆိုရင်အဲဒါအပြစ်ဘဲဖြစ်ပါ တယ်။ အဲဒါတွေက ခိုင်မာတဲ့ ပြောဆိုချက်တွေ ဖြစ်ပါတယ်။ အဲဒါအမှန်တရားဘဲဖြစ်ပါတယ်။ ဘယ်လောက်ဘဲ ခိုင်မာပါစေ၊ အဲဒါအ မှန်တရားဘဲ ဖြစ်ပါတယ်။ အသိပညာကို လောဘတက်ခြင်းအသိပညာနဲ့ လောဘတက် ခြင်းဘဲဖြစ်ပါတယ်။ 108 ယနေ့ ကျွန်တော်တို့ကနှုတ်ကပတ်တော်ကို ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို လူတွေရဲ့စိတ်နှလုံးထဲမှာ

စွဲမြဲအောင် မလုပ်ကြပါဘူး။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ဘဲ စွဲမြဲအောင် လုပ်နေပါတယ်။ အသင်းတော်တွေ ကလည်း အသင်းတော်တွေရဲ့ သွန်သင်ချက်တွေကိုဘဲအကောင်အထည်ဖေါ်နေပါတယ်။ လူတွေရဲ့ စိတ်နှလုံး ထဲမှာ အဲဒါကို စွဲမြဲအောင် လုပ်နေပါတယ်။

ကျွန်တော်တို့ကို အမိန့်ပေးပြီးတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို အကောင်အထည် ပေါ်စေပါ တယ်။ ပေါလုပြောတဲ့စကားအတိုင်းဘဲ လူတွေရဲ့ သွန်သင်ချက်နဲ့မင်းတို့ထံ ငါလာတာ မဟုတ်ဘူး။ လူတွေရဲ့အ သိပညာအပေါ်မှာ မင်းတို့ုယုံကြည်ဘို့ မဟုတ်ဘူး။မင်းတို့ထံကို ငါဘုရားသခင် သန့်ရှင်းသောဝိညာဉ်တော်ရဲ့ တန်ခိုးတော် ဖေါ်ပြချက်တွေနဲ့ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ ဒါမှ မင်းတို့ုရဲ့ယုံကြည်ခြင်းဟာ ဘုရားသခင်အ ပေါ်မှာ တည်မှာဖြစ်ပါတယ်။ ပေါလုက အဲလိုပြောပါတယ်။

56 ၅၆။ လူတွေကသူတို့ကိုယ်သူတိ ု့ အကောင်အထည် မဖေါ်ရပါဘူး။ ဘုရားသခင်က အဲဒီလူအတွက် တစ်ခုခု လုပ်ပြီးတော့သူ့ကို စေလွှတ်ဖို့ဘဲ ဖြစ်ပါတယ်။ လူသားတိုင်းက အတုယူဘို့ နေကြရပါတယ်။ သူတို့ကိုယ်သူတို့တည်ထောင်ပါတယ်။ လူတိုင်းဘဲ ဖြစ်ပါတယ်။ ငါဒါလုပ်တယ်၊ ငါဟာ ငါ၊ ငါဘဲဖြစ်တယ်။ ငါ့ဂိုဏ်းဂဏငါ စသည် ဖြင့် မိမိကိုယ်ကို အကောင်အထည်ဖေါ်တည်ထောင်နေကြပါတယ်။ ကျွန်တော်တို့ တရားဟောနေတာဘာအကြောင်း ဟောနေပါသလဲ? ကျွန်တော်တို့အကြောင်းဘဲ ကျွန်တော်တို့ ဟောပါတယ်။ ဒါမှမဟုတ်လည်း ဘုရားသခင်နိုင်ငံတော်အကြောင်း ဟောပါသလား?

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို အကောင်အထည်ဖေါ်ရပါမည်။ ယုံကြည်ခြင်းတွေကို ဖယ်ရှားပြီး တော့ လူသားတွေရဲ့နှလုံးသားထဲမှာ ဘုရားသခင်ရဲ့နိုင်ငံတော်ကိုတည်ထောင်ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နိုင်ငံတော်က လူသားတွေရဲ့ နှလုံးသားထဲမှာ တည်ထောင်ဘို့ရန်အတွက်အဲဒီလူတွေကို ဘုရားသခင်က ပြုလုပ် ရမှာ ဖြစ်ပါတယ်။

လှည့်ဖျားမှုရှိတဲ့လူရဲ့အပိုင်း လူရဲ့စဉ်းစားမှုအသိညဏ်ကတော့ သူတို့ကိုယ်သူတို့ မှန်တယ်လို့ ထင်တဲ့ နည်းလမ်းဖြစ်ပါတယ။် အသိပညာရှိတဲ့လူတိုင်းအဲဒါကို မှန်တယ်လို့ ထင်ပါတယ်။

57 ၅၇။ လွန်ခဲ့တဲ့တနင်္ဂနွေနေ့တွေ အနည်းငယ်အတွင်းမှာ ကျွန်ုပ် သင့်ကိုပြောထားသကဲ့သို့ဘဲ သေလုမြောပါးဖြစ်နေတဲ့ကျွန်ုပ်ရဲ့ကလေးငယ်နားမှာ စာတန်က ရပ်နေပါတယ်။ အဲဒါက သင့်ရဲ့ဖခင်ဖြစ်တယ်။ တခြား ညက သင့်လက်ထဲမှာသေဆုံးသွားတယ်။ သင့်ရဲ့ဇနီးသည်ကလည်း လဲလျောင်းပြီးတော့ သေလုမြောပါး ဖြစ်နေ ပါတယ်။ ကလေးငယ်လည်းသေတော့မှာ ဖြစ်ပါတယ်။ ဘုရားသခင်ကိုမေးပြီးတော့ ဖြေခိုင်းပါတယ်။ ကိုယ် တော်ရှင်က သင့်အပေါ်ကိုအရိပ်ကို ဆွဲချလိုက်ပါတယ်။ သူဟာ အင်မတန် ကြီးမားကောင်းမွန်တဲ့ ဘုရားဖြစ်ပါ တယ်။ သူဟာအနာရောဂါငြိမ်းစေတဲ့ ကိုယ်တော် ဖြစ်ပါတယ်။ သင်မှန်တယ်လို့သင်ထင်တယ်။ အဲဒါအတွက် သင်ရပ်တည်ပါတယ်။တစ်ကယ့်တစ်ကယ်တော့ သင်မှားနေပါတယ်။ သမ္မာကျမ်းစာအတိုင်း အတိအကျ အ ကြောင်းပြချက်တွေအားလုံးဦးနှောက်ပိုင်းဆိုင်ရာ လှုပ်ရှားမှုတွေအားလုံး အဲဒါတွေ မှန်ကန်တယ်ဆိုတာကို လက်ခံရမှာဖြစ်ပါတယ်။ သူက မှန်ကန်ပါတယ်။

ဧဝကို သူပြောပြတဲ့အခါ သူက မှန်နေပါတယ်။ သင့်မျက်လုံးတွေကိုဖွင့်မယ်။အမှားနဲ့အမှန်တွေကိုသင် ခွဲခြားသိနိုင်တယ်လို့ ဆိုပါတယ်။ သင်တို့အားလုံးဟာ ဘုရားများဖြစ်သွားမှာ၊ အမှားအမှန်ကို ခွဲခြားသိမြင်လာ မှာလို့ ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ဘုရားသခင်က သူတို့ကိုယ်သူတို့ မမြင်အောင် မတွေ့အောင် လုပ် ထားလို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာအဝတ်အချည်းစည်း ရှိတယ်ဆိုတာကို မသိအောင် လုပ်ထားလို့ဘဲဖြစ်ပါ တယ်။ အမှားအမှန်ကို သူတို့သိတဲ့အခါသူက မှန်ကန်တယ်ဆိုတာကို သိရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။

58 ၅၈။ ကျမ်းစာကျောင်းတွေမှာရှိနေတဲ့ သာသနာပြုတွေအားလုံး သာသနာပြုဆရာတွေ အားလုံးလည်း အဲလိုဘဲ ဖြစ်နေပါတယ်။ လူကလုပ်တဲ့သီအိုဘော်လော်ဂျီတွေကို သူတို့သင်ကြားလေ့လာနေပါတယ်။ မှန်တယ် လို့ ထင်ပုံပေါ်ပါတယ်။ကောင်းကောင်း မွန်မွန် နားလည်ကောင်း နားလည်ပါမယ်။ ဒါပေမဲ့လည်း အဲဒါအမှားဖြစ် နေပါတယ်။

ကျွန်တော်တို့ အဲဒါကို နားလည်ဘို့ မလိုပါဘူး။ကျွန်တော်တို့ အဲဒါကို ယုံကြည်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘုရားသခင် မိန့်တော်မူလို့ဘဲဖြစ်ပါတယ်။ အဲဒါကတော့ ထာဝရဘဲ ဖြေရှင်းရမဲ့အရာ ဖြစ်ပါတယ်။ အဲဒါတစ်ခုလုံး ဖြစ်ပါတယ်။အဲဒါကု ိ ယုံကြည်ဘို့အတွက် နည်းလမ်းဘဲ ဖြစ်ပါတယ်။

ဧဝက Ph. D ဘွဲ့ကို အရမ်းလိုချင်ပါတယ်။ သူအခုရှိနေတဲ့အထဲ သူမက ပိုပြီးတော်တယ်လို့သူမကိုယ် သူမ လောဘတက်နေပါတယ်။

59 ၅၉။ ခင်ပွန်းသည်နဲ့ဇနီးသည်လည်း ထိုနည်းတူ ဖြစ်ပါတယ်။ အမျိုးသားနဲ့အမျိုး သမီးဖြစ်ပါတယ်။ နှစ်ဦးစလုံး ဧဒင်ဥယျာဉ်ကြီးထဲမှာအဝတ်အချည်းစည်း ဖြစ်နေပါတယ်။ ဘုရားသခင်ရဲ့ဧဒင်ဘဲ ဖြစ်ပါတယ်။

အခု ကျွန်တော် နိဂုံးချုပ်တော့မှာ ဖြစ်ပါတယ်။ကျွန်တော် မိနစ်အနည်းငယ် ခဏရပ်တန့်ထားမှာ ဖြစ်ပါ တယ်။ အခုကြည့်ပါ။ နိဂုံးချုပ်တော့မှာဖြစ်ပါတယ်။

နှိုင်းယှဉ်ကြည့်ပါ။ ဇနီးသည်နဲ့ ခင်ပွန်းသည်ဘယ်လောက်တူသလဲ ? နှစ်ဦးစလုံးဧဒင်ဥယျာဉ်ကြီးထဲမှာဘဲ ဖြစ်ပါတယ်။ သူတို့ကိုယ်ပေါ်မှာ အဝတ်အချည်းစည်း ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့လည်းမသိကြပါဘူး။ ဘာ ကြောင့် သူတို့မသိတာလဲ ?သူတို့အားလုံးဟာ သူတို့ အဝတ်အချည်းစည်းရှိတယ်ဆိုတဲ့ အာရုံကို ဖုံးအုပ်ခြင်း ခံထားရလို့ဘဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် သန့်ရှင်းတဲ့ပုဝါနဲ့ ဖုံးအုပ်ခြင်း ခံထားရလို့ဘဲဖြစ်ပါတယ။် သူတို့ကိုယ် သူတို့ကြည့်ကြတယ်။ သူတို့ အဝတ်အချည်းစည်း ရှိတယ်ဆိုတာကို သူတို့မသိကြပါဘူး။ သန့်ရှင်း သောဝိညာဉ်တော်နဲ့ သန့်ရှင်းမှုနဲ့ သူတို့ကအုပ်ထား ခြင်း ခံရပါတယ်။သူတို့ကို ကွယ်ကာဖုံးအုပ်ထားပါတယ်။

60 ၆၀။ ဘုရားသခင်ရဲ့အကာအကွယ်နဲ့ အုပ်ထားခြင်း ယနေ့တိုင် ခံရပါတယ်။ ကြည့်နိုင်တယ်၊ လောဘမတက် ပါဘူး။ သူတို့ခေါင်းကိုသူတို့ လှည့်လိုက်ပါတယ်။ အသန့်ရှင်းဆုံးပုဝါ ဖြစ်ပါတယ်။ ဘုရားသခင်က သူတို့ မှမျက်လုံးများကိုပိုင်ဆိုင်ပါတယ်။ သူတို့ ဇနီးမောင်နှံ နှစ်ဦးစလုံးမှာ သူတို့ အဝတ်အချည်းစည်းဖြစ်နေတယ်ဆိုတာ သူတို့ကိုယ် သူတို့မသိဘူး။ ဘုရားသခင်ရဲ့ သန့်ရှင်းမှုက သူတို့ရဲ့ မျက်လုံးတွေကိုဖုံးအုပ်ထားပါတယ်။ အပြစ်ကနေပြီးတော့ သူတို့ရဲ့ သြတ္တပ္ပစိတ်ကို ဘုရားသခင်က ဖုံးကွယ်ထားခြင်းဘဲဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်အဖြစ်နဲ့ ဖြစ်ပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မိနစ်အနည်းငယ်ကြားရမှာဖြစ်ပါတယ။် ဝတ်ပြုကိုးကွယ်သူက တစ်ချိန်တုန်းက သန့်ရှင်းအောင် လုပ်ပါတယ်။(ဟေဗြဲသြဝါဒစာ) မှာ ဖြစ်ပါတယ်။ ဝတ်ပြုကိုးကွယ်တဲ့သူကို တစ်ခါသန့်ရှင်းအောင်လုပ်ရင်ဘယ်တော့မှအပြစ်ကိုသိတဲ့ သြတ္တပ္ပစိတ် မရှိတော့ပါဘူး။ အပြစ်က သူနဲ့ ဝေးကွာ သွားပြီ ဖြစ်ပါတယ်။

61 ၆၁။ ဘရာသာနက်ဗီးလ်ဒီမနက်ပြောတာကို ကျွန်တော် ကြားပါတယ်။ တစ်စုံတစ်ယောက်သောသူက သူ့ကို မေးနေခြင်း ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်အကြောင်း ဘာကြောင့် ကျွန်တော် မဟောပြောသလဲဆို တာဘဲဖြစ်ပါတယ်။ဘာကြောင့် ကျွန်တော် မဟောပြောရပါသလဲ ?အကြောင်းရှိပါတယ်။ အကြောင်းကတော့ သန့်ရှင်းသောဝိညာဉ်တော်က သင့်အထဲမှာရှိတဲ့ လှုပ်ရှားမှုဘဲဖြစ်ပါတယ်။ အသက်တာ ဖြစ်ပါတယ်။ စိတ်လှုပ် ရှားမှု မဟုတ်ပါဘူး။ ဇာတိပိုင်းဆိုင်ရာ အထောက်အထားတစ်ခုလည်း မဟုတ်ပါဘူး။ အဲဒါကတော့ ပုဂ္ဂိုလ် ယေရှုခရစ် သင့်နှလုံးသားထဲမှာ တည်ရှိခြင်းဘဲဖြစ်ပါတယ်။ ဒီခေတ်ကာလရဲ့ နှုတ်ကပတ်တော်တိုင်း သင့်နှလုံး သားထဲမှာ ခံယူဘို့ဘဲ ဖြစ်ပါတယ်။သန့်ရှင်းသောဝိညာဉ်တော် လှုပ်ရှားတာကို ကြည့်ပါ။ သရုပ်ပြမှုများအား ဖြင့ ် မဟုတ်ပါဘူး။လှုပ်ရှားမှုများအားဖြင့် ဖြစ်ပါတယ်။ ဘုရားသခင် နှုတ်ကပတ်တော် အတိုင်းလုပ်ဆောင်မှုဘဲဖြစ်ပါတယ်။

62 ၆၂။ သန့်ရှင်းသောဝိညာဉ်တော်ကိုသတိပုပြီး ကြည့်ပါ။ ဘုရားသခင်ရဲ့သန့်ရှင်းသော နှုတ်ကပတ်တော်ဖြစ် ပါတယ်။ လူယောကျ်ားလူမိန်းမတို့က အဝတ်အချည်း ဖြစ်နေပါတယ်။ ဒါေပေမဲ့လည်း သူတို့ကိုယ်သူတို့ မသိကြပါဘူး။မည်မျှလှပပါသလဲ ?

နူတ်ကပတ်တော်အသက်တာ ဖြစ်ပါတယ်။ နူတ်ကပတ်တော်မျိုးစေ့ နူတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။

ဘုရားသခင် မိန့်တော်မူတာကတော့ ဥယျာဉ်ရဲ့အလယ်မှာသစ်ပင်တစ်ပင်ရှိ ပြီးတော့ အမျိုးသမီးတစ်ဦး လည်း ရှိနေပါတယ။် အဲဒီဥယျာဉ်အလယ်တည့်တည့်မှာအပင်ရှိပါတယ။် အဲဒီအပင်ကို လုံးဝမတို့ထိရပါဘူး။ အဲဒီအပင်ကို တို့ထိလိုက်တဲ့အခါမှာ တို့ထိလိုက်တဲ့နေ့ရက်အချိန်မှာဘဲ သေဆုံးရမှာ ဖြစ်ပါတယ်။ သူတို့အား လုံးဟာ သန့်ရှင်းစွာနဲ့ဘဲ ဖုံးအုပ်ထားခြင်းခံရပါတယ်။ ဘာအကြောင်းကိုမှလည်း သူတို့ မသြိကပါဘူး။ မတွ့ိမထိ ရဲကြပါဘူး။

သူတို့ဟာ သန့်ရှင်းမှုနဲ့ ဖုံးအုပ်ထားခြင်းခံရပါတယ်။ ဘုရားသခင်ရဲ့ အဝန်းအဝိုင်းထဲမှာ သူတို့လုံခြုံ စိတ်ချစွာရှိနေပါတယ်။ သူတို့အသက်ရှင်နေထိုင်ခွင့်ရပါတယ်။ သူတို့ပတ်လည်မှာ သေခြင်းတရား မရှိပါဘူး။ ဟာလေလုယာ၊ သူတို့မှာ တစ်ဦးနဲ့တစ်ဦးအပေါ်မှာအချင်းချင်း ချစ်ခြင်းမေတ္တာ ရှိနေပါတယ်။ ထာဝရသန့် ရှင်းတဲ့ အသက်တာဘဲ ဖြစ်ပါတယ်။ သူတို့မှာသန့်ရှင်းတဲ့မေတ္တာရှိတယ်။ ဘုရားသခင်မေတ္တာကို နားလည်နိုင် တဲ့ အပြစ်ကင်းစင်တဲ့ အရာရှိတယ်။ဘုရားသခင်ရဲ့ နူတ်ကပတ်တော်လည်း ရှိပြီးတော့ နူတ်ကပတ်တော်ကို သူတို့စောင့်ထိန်းပါတယ်။သူတို့ အသက်ရှင်ပြီးတော့ ဘုရားသခင်ရဲ့ ဧဒင်ဥယျာဉ်ကြီးထဲမှာ လုံခြုံမှုရှိနေပြီးတော့သေခြင်းတရားဟာ သူတို့ ပတ်ပတ်လည်မှာ လုံးဝရှိမနေပါဘူး။

63 ၆၃။ အဲဒီအချိန်မှာစာတန်က ဧဝကို သူ့ရဲ့သီသြော်လော်ဂျီ ဧဝံဂေလိတရားကို နားထောင်ခိုင်းပါတယ်။ အဲဒီ ဧဝံဂေလိတရားကတော့အသိပညာ မြင့်မားတဲ့ ကျောင်းပညာ၊ မြင့်မားတဲ့ ကိုယ်ကျင့်တရားနဲ့ လူ့အသိုင်းအဝိုင်း ပိုမိုမြင့်မားတဲ့ပညာရေးစသည်တို့ ဖြစ် ပါတယ်။ ခဏသူ့ကို နားထောင်ပြီးတော့ ခဏသူ့ရဲ့အကြောင်းပြချက်တွေ ကိုဆြင်ခင်ခိုင်းပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ဝန်ခံဘို့ ဘုရားသခင်က ကျွန်တော်တို့ကိုအမိန့်ပေးထားခြင်း ဖြစ် ပါတယ်။ အဲဒါတွေကို သူက သူမကို နားထောင်စေပါတယ်။

အသင်းတော်က ဘယ်လိုဖြစ်တယ်၊ ဒီမှာ သူက အခုအချိန်တော်တော်ကြာ ကြာကြီးကို ရပ်တည်ပြီးသား ဖြစ်တယ်။ ဒီနိုင်ငံမှာ ကျွန်တော်တို့က ရှေးအကျဆုံး အသင်းတော်ဖြစ်တယ်။ မြို့တော်ဝန်ကလည်း အဲဒီ ဘုရားကျောင်းကို တက်တယ်။ အဲဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်ဘာမှ ဂရုမစိုက်ပါဘူး။ ဘုရားသခင်နူတ်က ပတ်တော်နဲ့လည်းဆန့်ကျင်မှု ဖြစ်ပါတယ်။ အဲဒါ သင့်ရဲ့ရန်သူဘဲဖြစ်ပါတယ။် ဘုရားသခင်ရဲ့နူတ်ကပတ်တော်နဲ့ ဆန့်ကျင်တဲ့အရာက သင့်ရဲ့ရန်သူဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ နူတ်ကပတ်တော်နဲ့ ဆိုင်တဲ့အရာတွေကတော့သင့်ရဲ့ညီကိုတွေဘဲ ဖြစ်ပါတယ်။ သင့်ရဲ့တစ် စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။

64 ၆၄။ သူမကသန့်ရှင်းသော ပုဝါကိုဆွဲချွတ်လိုက်တဲ့အခါမှာ လိင်မှုကိစ္စသည် တစ်ကယ်တမ်း ဘာဖြစ်သလဲဆိုတာကို သူမ သိရပါသည်။ နှိုင်းယှဉ်ပြီးတော့ ကြည့်မယ်ဆိုရင် လောဘလိုလားတပ်မက်ခြင်းဘာဖြစ် သလဲဆိုတာကိုဘဲ တွေ့ရမှာ ဖြစ်ပါတယ်။ သူမက သူမရဲ့ မျက်စိထဲမှာရှိနေတဲ့ ဖုံးကွယ်နေတဲ့အရာကိုဆွဲခွာ လိုက်ပါတယ်။ သူမမျက်လုံးတွေကို ဖုံးကွယ်ထားတဲ့ ဘုရားသခင်ရဲ့သားအဖြစ်နဲ့အရာတွေကိုဖယ်ထုတ် လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူမအသိပညာကို လိုချင်ပါတယ်။ အဲဒါတွေဟာ ဘာတွေလဲဆိုတာကိုသူမသိလိုပါ တယ်။ သူမက အဲဒါတွေအားလုံးနဲ့ ပတ်သက်တဲ့အရာ ဖုံးကွယ်ထားတဲ့ ပုဝါကိုဆွဲထုတ်လိုက်ပါတယ်။နတ်ဆိုး ပြောတဲ့စကားကို သူမ နားထောင်လိုက်ပါတယ်။ သူမ ဘယ်လိုနေရာမျိုးကို ရောက်သွားသလဲဆိုတာကိုသတိ ပြုပြီး ကြည့်ပါ။

သူတို့လည်း ခေတ်ကာလတိုင်းမှာ အဲလိုဘဲ လုပ်နေကြပါတယ်။အမြဲတန်းဘဲ အသိပညာပိုင်းဆိုင်ရာ အပိုင်းကို ယူဆောင်ပါတယ်။ စာတန်ရဲ့နိုင်ငံကို တည်ထောင်ကြပါတယ်။အသိပညာ ဖြစ်ပါတယ်။ သူစိုက်ပျိုး ထားတဲ့မျိုးစေ့ဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးကို ဧဒင်ရဲ့သေခြင်းဥယျာဉ်ကြီးဖြစ်အောင်လုပ်လိုက်ပါတယ်။

65 ၆၅။ (ဗျာဒိတ်၃)ကို ကြည့်မယ်ဆိုရင် လောဒိကိအသင်းတော် ခေတ်ကာလဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်း ကို သင့်စိတ်ထဲမှာဘဲသင်စဉ်းစားကြည့်ပါ။

သူမ ဧဝကတော့ စာတန်ရဲ့ဘုရင်မဘဲ ဖြစ်ပါတယ်။စာတန်မြွေဆိုးက ဧဝကို အာဒံမရခင် သူကရလိုက်ပါ တယ်။ သူမကို လှည့်ဖျားလိုက်ပါတယ်။ စာတန်မြွေဆိုးကတော့ဧဝရဲ့ခင်ပွန်းဖြစ်ပါတယ်။ အာဒံမဖြစ်မှီ သူက ဖြစ်ပါတယ်။ သူက ဧဝကို လှည့်ဖျားပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ သူပြုခဲ့ပါတယ်။ အဲဒီအခါမှာ သူမဟာ အဝတ်အချည်းစည်းရှိတယ်ဆိုတာကိုသူမကိုယ်သူမ သိသွားပါတယ်။

66 ၆၆။ လောဒိကိအသင်းတော်ခေတ်ကာလကို ကြည့်ပါ။ ဧဝက စာတန်ရဲ့ဘုရင်မအဖြစ် ထိုင်နေပါတယ်။ လောကရဲ့ကောင်းတဲ့အရာတွေနဲ့သူမက ကြွယ်ဝနေပါတယ်။ မျက်စိမမြင်ဘူး။ တစ်ဖန်အဝတ်အချည်းချည်းဖြစ် နေတယ်။ နောက်ပြီးတော့သူ့ကိုယ်သူ မသိဘူး။ ဘုရားသခင်ရဲ့ ဧဒင်ဥယျာဉ်ကြီးကဲ့သို့ဘဲ ဖြစ်နေပါတယ်။ ဒါပေမဲ့လည်းယခုအခါမှာ သန့်ရှင်းတဲ့ ဖုံးအုပ်ထားတဲ့အရာက သူမရဲ့မျက်နှာပေါ်မှာ မရှိတော့တဲ့ လောဘလွန်ကျူးခြင်းနဲ့ ဖုံးအုပ်တဲ့အရာဘဲ ရှိပါတော့တယ်။ ဘုရားသခင်ရဲ့သန့်ရှင်းတဲ့ ပုဝါကို ဆွဲချွတ်လိုက်တဲ့အခါမှာအသိပ ညာဆိုင်ရာ၊ လောဘလွန်ကျူးခြင်းဆိုင်ရာပုဝါဘဲ ရှိပါတော့တယ်။ သူမမှာ လောဘပုဝါ ရှိနေပါတယ်။ သူမက မျက်စိမမြင်ပါဘူး။ အပြစ်ကိုမမြင်ဘဲ မျက်စိကွယ်နေပါတယ်။ သူမက လမ်းမပေါ်မှာ အဝတ်အချည်းစည်းဖြစ်နေပါတယ်။ နောက်ပြီးတော့ သူမကိုယ်သူမ မသိပါဘူး။ သူမက လမ်းမပေါ်မှာ ပြည်တန်ဆာ ဖြစ်ပါတယ်။အဲလိုတိုနံ့နံနံ့ ဝတ်ထားတဲ့ အမျိုးသမီးတွေက ဘုရားသခင်ရှေ့မှာ ပြည်တန်ဆာဘဲ ဖြစ်ပါတယ်။နောက်ပြီး တော့ သူတို့ကိုယ်သူတို့ မသိကြပါဘူး။

67 ၆၇။ ကျွန်တော်တို့အမျိုးသမီးတွေကိုလည်း သတိပြုကြည့်ပါ။ အသင်းတော်လည်း ဘယ်လိုအခြေအနေမျိုး မှာရှိလဲဆိုတာကိုကြည့်ချင်တယ်ဆိုရင် အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုတွေကို ကြည့်ပါ။ သူမက အမြဲတမ်းအသင်းတော်ကို ကိုယ်စားပြုပါတယ်။

စာတန်ရဲ့ဥပဒေထဲမှာ အပြစ်နဲ့ ပြည့်နေပါတယ်။ မယုံကြည်ခြင်းနဲ့ပြည့်နေပါ တယ်။ ဘာသာရေးလွှဲချော်မှုဘဲ ဖြစ်ပါတယ်။ နိုင်ငံတော်ကိုလည်း လွှဲချော်ထားပါတယ်။ဘုရားသခင်ရဲ့ နှုတ်က ပတ်တော်ကို လက်ခံမဲ့အစား သူတို့ကလူတွေ အသိပညာနဲ့ယူထားတဲ့ အရာတွေကိုသူတို့လက်ခံထားပါတယ်။ အသင်းတော်ကို ယူမဲ့အစားအဖွဲ့အစည်းကို သူတို့ယူထားပါတယ်။ နောက်ပြီးသူတို့က အင်မတန်ကြီးမားတဲ့ ဦး ဆောင်မှုတစ်ခုအောက်မှာ ထားထားပါတယ်။

68 ၆၈။ အပြစ်ကင်းစင်ခြင်းကနေပြောင်းလဲထားတဲ့ အရာကို အခုသတိပြုကြည့်ပါ။ အဲဒါကို အခုအချိန်မှာ လွှဲချော်မသွားစေပါနဲ့။ အသင်းတော်ကတော့ ဒီလောဘလွန်ကျူးတဲ့ ပုဝါနဲ့ ဖုံးအုပ်လျှက်ရှိပါတယ်။ သူမကို ဘာလုပ်သလဲဆိုတာကိုသတိထားကြည့်ပါ။ သူမက လှည့်ဖျားခြင်းခံရပြီးတော့ အသိပညာများကို အမှန်တစ် ကယ်ထင်ပြီးတော့မသိနားမလည်ခြင်းကနေ အသိပညာရှိခြင်းဆိုပြီးတော့ သူမလှည့်ဖျား ခံနေရခြင်းဘဲ ဖြစ်ပါ တယ်။သန့်ရှင်းသော ပုဝါသူမရဲ့ အပြစ်ကင်းစင်ခြင်း လောဘလွန်ကျူးခြင်းတည်းဟူသောပုဝါ သူမရဲ့အသိပညာ စသည်တို့ဘဲ ဖြစ်ပါတယ။် အဲဒါ အင်မတန်သာယာ ကောင်းမွန်တယ်လို့သူမက သိပါတယ်။ အဲဒါကတော့အသီးဖြစ်ပါတယ်။ နှစ်သက်ဖွယ်ကောင်းတဲ့အပင်ဘဲ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သောသူကို ပညာရှိဖြစ်အောင်လုပ်ခြင်းဘဲ ဖြစ်ပါတယ်။ သူမက အသိပညာ မသိနားမလည်ခြင်း အသိပညာကို ပြောင်းလဲသွားပါတယ်။သန့်ရှင်းခြင်းကနေပြ ီးတော့ ညစ်ညူးခြင်း လောဘတရားတွေကို ပြောင်းလဲသွားပါတယ်။ အသက်တာကနေပြ ီးတော့ သေခြင်းတရားကို ရောက်သွားပါတယ်။

ဒီလောကနိုင်ငံတော်က သေရမှာ ဖြစ်ပါတယ်။ ဒီလောကနိုင်ငံတော်သေရမှာ ဖြစ်ပါတယ်။ ကောင်းကင် မှာရှိတဲ့ ဘုရားသခင်က ကမ္ဘာလောကကြီးပေါ်ကနေပြီးတော့ ဖျက်ဆီးပစ်မှာဖြစ်ပါတယ်။

69 ၆၉။ ပြောင်းလဲခြင်းထဲမှာလူယောကျ်ားကနေ လူမိန်းမ လူမိန်းမကနေ လူယောကျ်ားလို့ ပြောင်းလဲခြင်းတွေ ဖြစ်ပြီးတော့သူတို့ကိုယ်သူတို့ ဘာမှ မသိကြပါဘူး။ စာတန်ရဲ့ဧဒင် ဥယျာဉ်ကြီးရဲ့ ရလဒ်တွေဘဲ ဖြစ်ပါတယ်။ဒီကနေလမ်းတွေကို ကြည့်ပါ။ ကျွန်တော်တို့ရဲ့ခေတ်မှီလူတွေရဲ့ ပုံစံကိုလည်း ကြည့်ပါ။

70 ၇၀။ အဲဒါဧဝဖြစ်ပြီးတော့ စာတန်က အပြစ်ကျူးလွန်ရခြင်းကလည်း သူမရဲ့ လောဘကြောင့်ဘဲ ဖြစ်ပါတယ်။ ဒီနေ့လည်းအလားတူဘဲ ပြုလုပ်နေကြပါတယ်။ ဆံပင်တိုတိုလေးတွေ မျက်နှာအလှချယ်တာလေးတွေ၊ လိင်ဆန်ဆန်ဝတ်စားဆင်ယင်မှုတွေ သူမ အဲဒါတွေအားလုံး လုပ်နေပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် နဲ့ဒီအရာတွေအားလုံးဟာ ဆန့်ကျင်နေတာကို သူတို့ မသိကြပါဘူး။ ဆံပင်တိုထားတယ်။ သူမဟာ ဂုဏ်ယူဘွယ်ရာ၊ လေးစားဖွယ်ရာ အမျိုးသမီး မဖြစ်ဘူး။ ဖြစ်အောင် သူမကိုယ် သူမလုပ်တယ်။ ပြည်တန်ဆာဖြစ်အောင်လုပ်တယ်။ အတိုလေးတွေ ဝတ်တယ်။ အဲလို လုပ်ခြင်းအားဖြင့် သူမဟာ ကျက်သရေ မရှိတော့ပါဘူး။လိင်ဆန် ဆန်ဝတ်စားဆင်ယင်မှုတွေ သူမဝတ်တယ်။ သူမကိုယ်သူမ ပြည်တန်ဆာကဲ့သို့ ပြုလုပ်ပါတယ်။နောက်ပြီးတော့ သူမ အဲဒါတွေကို မသိပါဘူး။ ဘုရားသခင်ရဲ့သန့်ရှင်းမှုတွေကြောင့် မဟုတ်ပါဘူး။စာတန်ရဲ့လောဘ လွန်ကျူးမှု တွေကြောင့်ဘဲ ဖြစ်ပါတယ်။ အာဒံကိုလည်း သူမက သူမကဲ့သို့ဘဲ လောဘလွန်ကျူးတဲ့သူတစ်ဦး ဖြစ်အောင် ပြုလုပ်ပါတယ်။

71 ၇၁။ သူမအဝတ်အစားတွေကို ဘုရားသခင် ဝတ်ဆင်ပေးထားတဲ့အရာတွေကို သူမအကုန်လုံး ချွတ်ပစ်လိုက် ပါတယ်။ဟိုးတစ်ချိန်က ဧဒင်ဥယျာဉ်ြ်က ီးထဲမှာ တောတစ်လျှောက်မှာ သူမခရီးထွက်ရတဲ့အခါမှာ သူမအဲဒီအဝတ်တွေကို ချွတ်လိုက်ပါတယ်။ သူမကိုယ်သူမ အဝတ်အစားတွေ အကုန်လုံးကို ဆွဲချွတ်လိုက်ပါတယ်။သူမကို ဘုရားသခင်က သားရေနဲ့ အကုန်လုံးဝတ်ဆင်ပြီး ထုတ်ထားပါတယ်။ သူမဟာ တဖြည်းဖြည်းနဲ့အဲဒီ သားရေ ဝတ်စုံတွေကို ဆွဲချွတ်လိုက်ပါတယ်။ အခုအခါမှာ သူမဟာ ဟိုးအစအဦးက ပုံစံအတိုင်းဘဲဥယျာဉ်အလယ် ရောက်ရှိသွားပါတယ်။

သူမရဲ့ အာဒံကိုလည်း သူမရဲ့အောက်ခံ အဝတ်အစားတွေကိုဝတ်စားဆင်ယင်အောင် သူက ပြုလုပ်ပါ တယ်။ အမျိုးသားတွေကလည်း ဘောင်းဘီတိုလေးတွေ ဝတ်ပြီးတော့အူကြောင်ကြောင်နိုင်တဲ့ပုံစံ ဝတ်ထားပါ တယ်။ အဲလိုဝတ်ထားတဲ့အခါမှာ ယောကျ်ားမဆန်ဘူးလို့ကျွန်တော် ထင်ပါတယ်။ သူဟာ အကြီးမားဆုံးကြောင် နေတဲ့သူလို့ဘဲ ကျွန်တော်ထင်ပါတယ်။ သူမကိုယ်သူမပြောင်းလဲလိုက်သလို အာဒံကိုလည်း သူမကဲ့သို့ပြောင်း လဲအောင် လုပ်လိုက်ပါတယ်။ သူမရဲ့အောက်ခံအဝတ်အစားတွေကို သူ့ကိုဝတ်ခိုင်းပါတယ်။ သူမရဲ့ အဝတ်အ စားတွေအားလုံးကို သူမချွတ်လိုက်ပြီးတော့အောက်ခံအဝတ်အစားလေးတွေကိုဘဲ သူမဝတ်ဆင်လိုက်ပါတယ်။ အဲဒါတွေက တိုနံ့နံ့လေးတွေဘဲ ဖြစ်ပါတယ်။အမျိုးသမီးတစ်ဦးရဲ့ အဝတ်အစားများကို အာဒံက ယခုအခါမှာ ဝတ်ဆင်နေပါတယ်။ ဘုရားသခင်ရဲ့ မူရင်းနှုတ်ကပတ်တော်ဟာဆိုလ့ျှိုရှိရင် အမျိုးသမီးတွေက အမျိုးသားတွေ ရဲ့အဝတ်အစားကို ဝတ်ဆင်လို့ရှိရင် ညစ်ညူးခြင်းဖြစ်တယ်။ အမျိုးသားတွေကလည်း အမျိုးသမီးတွေအဝတ် အစားကို ဝတ်ဆင်လို့ရှိရင် ညစ်ညူးခြင်းဖြစ်တယ်လို့ဆိုပါတယ်။ အဲဒါက မူရင်းနှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။

72 ၇၂။ သူမကဲ့သို့ဆင်ယဉ်မှုမျိုးကိုလည်း သူကယခုပြုလုပ်နေပါတယ်။ သူကဆံပင် အရှည်ကြီးထားတယ်။ ဆံပင်တွေကိုကောက်ထားတယ်။ ကျွနု်ပ်အသက်တာမှာ အင်မတန်မှ အဆိုးဆုံးမြင်တွေ့ရတဲ့ မြင်ကွင်းတွေဘဲ ဖြစ်ပါတယ်။ဒီနေ့လူငယ်တချို့ဟာ သူတို့ဆံပင်တွေကို အရှည်ကြီးဖြီးပြီး ချထားပြီတော့ အရောင်ဆိုးထားပါတယ်။ ဆံပင်တွေကို ဆံပင်ချွတ်ဆေး၊ ဆံပင်ဆိုးဆေးတွေနဲ့ လုပ်ထားပါတယ်။ သူတို့ရဲ့ဆံပင်တွေကိုလိမ့်ပြီး တော့ အကောက်ကလေးတွေဖြစ်အောင် လုပ်ပါတယ်။ ကျွန်တော် တရားဟောပလ္လင်ကနေပြီးတော့အဆိုးဝါး ဆုံးပြောချင်တာကတော့ အဲဒီစကားဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း တရားစီရင်ခြင်းစတဲ့အခါမှာလည်းဘုရား သခင်ရဲ့အိမ်တော်ကနေစမှာ ဖြစ်ပါတယ်။ ကိုယ်ကိုကိုယ်ယော ကျ်ားလား၊ မိန်းမလားမသိလောက်အောင်ဖြစ်ပါ တယ်။ ကျွန်တော်တို့ အမေရိကန်စစ်တပ်မှာ အတိုတွေဝတ်တဲ့ အလေ့အထတွေ ဖြစ်ပေါ်လာပါတယ်။အဲဒါက တော့ ပြောင်းလဲခြင်းဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့ အဝတ်အစားတွေကို ဝတ်ဆင်ခြင်းဘဲဖြစ်ပါတယ်။

73 ၇၃။ ဟိုးတနေ့ကကျွန်တော် Howard Johnson's အိမ်ရောက်နေပါတယ်။ဒီမှာရှိတဲ့လူတစ်ယောက်မှ မပါပါဘူး။ ဒါပေမဲ့လည်း လမ်းပေါ်ကို ထွက်လိုက်တဲ့အခါမှာ တစ်ယောက်တော့ရှိပါတယ်။ ကျွန်တော်အြဲ့သပြီ တော့အနောက်ဖက်မှာ ထိုင်နေပါတယ်။ လူငယ်လေးတစ်ယောက်လာပါတယ်။သူပါးစပ်က ပွင့်လစ်နေပါတယ်။ သူမှာ ဆံပင်အနက်ကလေးရှိတယ်။ ဒီလိုဆံပင်ပုံစံမျိုး ဆံပင်ကိုဖီးထားပါတယ်။ နောက်ပြီးတော့ အလိမ်က လေး လုပ်ထားပါတယ်။ နောက်ပြီး သူရဲ့မျက်စိ၏အပေါ်ဖက်နားမှာကောက်ထားပါတယ်။ သူမျက်လုံးတွေကို လှန်ပြီးတော့ ကြည့်လိုက်ပါတယ်။ ကျွန်တော် တွေ့နေရတဲ့အရာတွေထဲမှာအဲလိုအရာမျိုးပြောင်း ပြန်ဖစ်နေတဲ့ အရာမျိုး ဖြစ်ပါတယ်။ သူက မယုံနိုင်လောက်အောင် ဖြစ်ပါတယ်။သူဟာ ယောကျ်ားလေးတစ်ယောက်ဖြစ် တယ်ဆိုတာကို သက်သေပြနိုင်ပါတယ်။ ဒါပေမဲ့လည်း သူရဲ့ဝိညာဉ်မှာတော့သူကမိန်းမဖြစ် နေပါတယ်။ သူနေ တဲ့အိမ်က ဘယ်လိုအရွယ်အစားရှိတယ်ဆိုတာကို သူမသိပါဘူး။ ဘယ်လောက်များပြောင်းပြန်လှည့်ဖျားခြင်း ခံရခြင်းမျိုး ဖြစ်နေပါသလဲ။

စာတန်ကအဲလိုလုပ်ထားခြင်းဘဲဖြစ်ပါတယ်။ နိုင်ငံတိုင်းကိုသူက လှည့်ဖျား ထားပါတယ်။ အသင်းတော် ကိုလည်း လှည့်ဖျားပါတယ်။ လူတွေကိုလည်း လှည့်ဖျားပါတယ်။သူကလိမ်ညာသူ ဖြစ်ပါတယ်။ မူရင်းသမ္မာ တရားကို သူကပြန်လှည့်ဖျားဖို့ဘဲ ဖြစ်ပါတယ်။

ဘုရားသခင်က လူယော်ကျ်ားကို လူယော်ကျ်ားအဖြစ်ဘဲဖန်ဆင်းပါတယ်။မိန်းမကိုလည်း မိန်းမအဖြစ်ဘဲ ဖန်ဆင်းပါတယ်။ သူတို့ကို အဝတ်အစား တူညီမှုမရှိအောင် လုပ်ထားပေးပါတယ်။သူဆိုလိုတဲ့အရာကတော့ အဲလို ပုံစံမျိုးနေထိုင်ရမယ်။ အဲလိုပုံစံမျိုး ပြုမူရမယ်။ တစ်ယောက်ကမိန်းမဆန်တယ်။တစ်ယောက်က ယော်ကျ်ား ဆန်ပါတယ်။ အာဒံကို ဥယျာဉ်ထဲကနေပြီးတော့ ဧဝနဲ့ခွဲထားပါတယ်။

74 ၇၄။ ယခုအခါမှာသူမက ဆံပင်တွေကို ဖြတ်တောက်လိုက်ပါတယ်။ မလံုြခုံတဲ့အရာတွေကို ဝတ်ဆင်ပါတယ်။

သူကလည်း သူမကဲ့သို့လိုက်ပြီး ဝတ်ဆင်ပါတယ်။သူမက သူ့ရဲ့ပြင်ပ ဝတ်တဲ့အဝတ်အစားတွေကို လိုက်ပြီး ဝတ် ပါတယ်။ သူကတော့ သူမဝတ်တဲ့ အတွင်းခံအဝတ်အစားတွေကိုဝတ်ပါတယ်။ အဲဒါက ဘာအဓိပ္ပါယ်မှန်း မသိပါ ဘူး။ ဧဝံဂေလိသမ္မာတရား အစစ်အမှန် မဟုတ်ပါဘူး။ သင်တို့မသိဘူးဆိုရင် သင်တို့ တစ်ခုခု မှားယွင်းနေလို့ဘဲ ဖြစ်မှာပါ။ သင်တို့ဟာ မျက်စိကွယ်တယ်။ဒါမှမဟုတ်လည်း လမ်းမကို တစ်ခါမှ မရောက်ဖူးလို့ဖြစ်မှာပါ။ သူမ ရော သူရော အဲဒါကို မှန်ကန်တယ်လို့ထင်ပါတယ်။ သူတို့ တစ်နေရာရာကို လမ်းမှားပြီး ရောက်နေပါတယ်။ အမျိုးသမီးတွေက ဘာပြောလဲဆိုတော့အမျိုးသားတွေကို အရမ်းပူအိုက်တယ်လို့ ပြောပါတယ်။

ဟိုးရှေးခေတ်က ကေပါချီ အန္ဒိယလူနီတွေက ခင်ဗျားတို့ကိုအရှက်ရစေပါ တယ်။ သူတို့က ပိုပူပါတယ်။ သူတို့အဝတ်အစားတွေကို သူတို့ထူထူကြီးတွေ ထပ်ပြီးဝတ်လေ့ရှိပါတယ်။ အဲဒါမှ နေရောင်ခြည်က သူတို့ကို မထိတွေ့မှာ ဖြစ်ပါတယ်။ ချွေးတွေ ထွက်လာမယ်။ ချွေးထွက်လာရင် လမ်းလျှောက်တဲ့အခါမှာ အလိုလိုနေရင်း အေးသွားမှာ ဖြစ်ပါတယ်။ သူတို့ကနေပူထဲမှာ ဒီလိုဘဲ ရပ်နေကြပါတယ်။

75 ၇၅။ သင်ကတော့ဘာကိုမှ ခံမရပ်နိုင်တော့ပါဘူး။ အသားတွေ အပူလောင် သွားမှာ ဖြစ်ပါတယ်။ အဲဒါကပိုမို မြင့်မားတဲ့ပညာရေးလို့ သင်က ခေါ်မှာဖြစ်ပါတယ်။ ခေတ်ပေါ်ပညာရေးက အဲဒါကို ဖန်တီးထားခြင်းဘဲ ဖြစ်ပါတယ်။ သူမက လောဒိကိမှာ အဝတ်အချည်းစည်း ဖြစ်နေပါတယ်။ နောက်ပြီးတော့ သူမကိုယ်သူမ အဝတ်အချည်းစည်းဘဲ ဖြစ်နေပါတယ်။

ဧဒင်ဥယျာဉ်ကြီးထဲမှာ သူမ အဝတ်အချည်းစည်းဖြစ်နေပါတယ်။ နိုင်ငံတော် နှစ်ခုကလည်းဆင်တူယိုးမှား ဖြစ်နေပါတယ်။ တစ်ခုကတော့ အပြစ်နဲ့သေခြင်းတရားဖြစ်ပြီးတော့ နောက်တစ်ခုကတော့ အသက်တာနဲ့ ဖြောင့်မတ်ခြင်းဖြစ်ပါတယ်။ အဲဒီအထဲမှာ သူမကိုသန့်ရှင်းတဲ့ပုဝါနဲ့ ဖုံးအုပ်ထားပါတယ်။ သူတို့နှစ်ဦးစလုံး အဝတ်အချည်းစည်း ဖြစ်နေပါတယ်။အဲဒါကို သူတို့ မသိပါဘူး။ အဲဒါနဲ့ ပတ်သက်လို့လည်း သူ တို့ ဘာမှ မသိပါဘူး။ ဘာကြောင့်လဲဆိုတော့သူတို့ကို ဘုရားသခင်ရဲ့ဝိညာဉ်တော်နဲ့ ဖုံးအုပ်ထားလို့ဘဲ ဖြစ်ပါတယ်။ 150 ဒီနေရာမှာ သူတို့ဟာလောဘတွေနဲ့ ဖုံးအုပ်နေပါတယ်။ တစ်ယောက်ကိုတစ်ယောက် ကြည့်ပါတယ်။ အာဒံကဧဝကို ကြည့်ပါတယ်။သူမ အဝတ်အချည်းစည်း ရှိတယ်ဆိုတာကို မသိပါဘူး။ ဒါပေမဲ့လည်း အခုအ ခါမှာ လောဘပုဝါနဲ့ ဖုံးအုပ်ထားတဲ့အခါမှာသူမကိုယ်သူမ အဝတ်အချည်းစည်းရှိတယ်ဆိုတာကို မသိတော့ပါ ဘူး။ သူမက အမျိုးသားတွေ သူမကိုကြည့်အောင်လို့ အဲဒီလောဘပုဝါနဲ့ ဖုံးအုပ်ထားခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါ တစ်ခုတည်းသာ သူမလုပ်နိုင်ပါတယ်။ အဲဒါကို သူမ မယုံကြည်ပါဘူး။ ဒါပေမဲ့လည်း ဘယ်လိုဘဲဖြစ်ဖြစ် ယုံကြည်လက်ခံရမှာဘဲဖြစ်ပါတယ်။ လင်ယောကျ်ားတွေက အဲဒါကိုဘဲ ကြည့်ပါတယ်။ သင်ဟာ အရမ်းကိုဆွဲဆောင်မှုရှိတယ်ဆိုတာကိုသူသိတဲ့အခါမှာ သင့်ဘေးနားကို သူရောက်လာပြီးတော့ သင့်ရဲ့အဝတ်အစားတွေကို ယူပြီး သူက ဝတ်ဆင်ပါတယ်။

76 ၇၆။ ဘယ်လောက်အထိပြောင်းပြန် ဖြစ်နေပါသလဲ? ဘယ်လို ခေတ်ကာလမျိုးလဲ? ဘယ်လိုအချိန်အခါမျိုးလဲ? ဘယ်လောက် လှည့်ဖျားမှုတွေနဲ့ပြည့်စုံနေသလဲ? ဒီအရာတွေအားလုံးဖြစ်ပြီးတော့ ကျွန်တော်တို့ ဘာမှ မသိဘဲ ဖြစ်နေပါတယ်။ လုံးဝမှန်ကန်ပြီးတော့ လှည့်ဖျားခြင်းခံရတဲ့ဝိညာဉ်ကလူထဲမှာ ရှိနေပါတယ်။ စာတန်ရဲ့ လောဘနဲ့ သူ့ကိုဖုံးအုပ်ထားပါတယ်။ မိန်းမလည်း ထိုနည်းငှင်းဘဲဖြစ်ပါတယ်။ စာတန်ဆိုင်ရာ ဝိညာဉ်က အင်မ တန်ကြီးမားတဲ့ အဖွဲ့အစည်းထဲကနေ လာပါတယ်။ သူတို့မသိကြပါဘူး။ ဒါပေမဲ့လည်း သူတို့ဟာ အဖွဲ့အစည်းဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေက တိုတိုလေးတွေဝတ်ကြပါတယ်။ အဲဒီအဖွဲ့အစည်းနဲ့ ဆိုင်နေပါတယ်။ အမျိုးသား တွေလည်း အဲလိုဝတ်ဆင်ပါတယ်။သူတို့လည်း အဖွဲ့အစည်းနဲ့ဆိုင်ပါတယ်။ အဲဒီဟာနဲ့ ပတ်သက်လို့အတို ကောက်ကို ကျွန်တော်ပြောပါမည်။B.S.S ဖြစ်ပါတယ်။ B.S.S Big Sister Society လို့ခေါ်ပါတယ်။ညီမကြီးရဲ့ အဖွဲ့ ဖြစ်ပါတယ်။ အဲဒီအဖွဲ့နဲ့ သူတို့ဆိုင်နေပါတယ်။ အဲဒီ အဖွဲ့ထဲကနေ ထွက်လာပါ။အဲဒီ အူကြောင်ကြောင် အဖွဲ့အစည်းထဲကနေ ထွက်လာပါ။ အဲဒီမှာ ဘောင်းဘီတိုလေးတွေ၊ တိတိုနန့်နန့်လေးတွေ၊ညစ်ညစ်ပတ်ပတ် ညစ်ညူးတဲ့ အဝတ်အစားတွေထဲကနေ ထွက်လာဘို့ လိုပါတယ်။

77 ၇၇။ အမျိုးသားတွေကျွန်တော်နဲ့ သဘောထား ကွဲလွဲမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါကတော့ သမ္မာ တရားဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့က လှည့်ဖျားခြင်း ခံနေရပြီးတော့ ကိုယ့်ကိုယ်ကို မသိဘဲ ဖြစ်နေပါတယ်။ ခင်ဗျားတို့ဟာယောကျ်ားမဟုတ်တော့ဘဲနဲ့ ယောကျ်ားကဲ့သို့ မပြုမူဘဲနဲ့ ဖြစ်နေပါတယ်။ အရမ်းပျော့ပြောင်းပြီးတော့ သူတို့ရဲ့အသားတွေဟာ ဘယ်လိုမှ သူတို့နဲ့မတူတော့ပါဘူး။

ဘယ်လိုမှ ယောကျ်ားလေးတွေနဲ့မတူတော့ ပါဘူး။ အမျိုးသမီးတွေလည်း အဲလိုဖြစ်နေပါတယ်။ သူတို့ဟာ အသင်းအဖွဲ့ ဖြစ်နေပါတယ်။ အဲဒီမှာ အဖွဲ့အစည်း ရှိပါတယ်။ ဘာကြောင့်လဲ?ဂျွန်ကဘေးအိမ်ကဖြစ် ပြီးတော့ ဘောင်းဘီတိုလေးတွေ ဝတ်ပါတယ်။ ကျွန်တော် ဘာဖြစ်လို့မဝတ်နိုင်ရမှာလဲ? မီးဒါက ကျွန်တော့်ကိုဝတ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂျွန်က ဝတ်လို့ပါဘဲ။ ဘေးအိမ်က ဝတ်လို့ဖြစ်ပါတယ်။စူစီဂျိမ်းက ဝတ်နိုင်တယ်ဆိုရင် မာသာဂျိမ်းလည်း ဝတ်နိုင်ပါ တယ်။ စူစီဦးလည်း ဝတ်နိုင်ပါတယ်။ဘယ်သူဘဲဖြစ်ဖြစ် ဘယ်လိုဘဲ နံမည်ခေါ်ခေါ် သူတို့ဝတ်လို့ရပါတယ။် အဲဒါ အသင်းအဖွဲ့ဖြစ်ပါတယ်။အဖွဲ့အစည်း ဖြစ်ပါတယ်။ ခင်ဗျားက ဝိညာဉ်ရေးရာအရ အဲဒီအဖွဲ့အစည်းထဲမှာ ပါပြီးတော့ ခင်ဗျားကိုယ်ခင်ဗျား မသိဘဲ ဖြစ်နေပါတယ်။

78 ၇၈။ အဲဒါဟုတ်ရင် အဲဒါဟုတ်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ခင်ဗျားတို့ မျက်စိကွယ်နေကြပါတယ်။ ဒီဂိုဏ်းဂဏဆိုင်ရာတွေကို မမြင်ဘဲနဲ့ မျက်စိကွယ်နေကြပါတယ်။ စာတန်က အဲဒီအထဲကိုဝင် ရောက်ပြီးတော့ လှည့်ဖျားနေပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် မူရင်းကိုပြောင်းလဲပစ်လိုက်ပစ်လိုက်ပြီးတော့ သူ့ရဲ့နိုင်ငံတော် သူ့ရဲ့သားသမီးတွေအတွက် ကြံစည်ပြီး အကုန်လုံးကို လှည့်ဖျားလိုက်ပါတယ်။လူယော ကျ်ား၊ လူမိန်းမအကုန်လုံးကို ဘုရားသခင်က လှည့်ဖျားပြီးတော့ ဒီလိုအရာမျိုးတွေကိုလုပ်ပေးပါတယ်။ နောက်ပြီးတော့ သူတို့ကိုယ် သူတ့ို မသိကြပါဘူး။ လုံးဝ လှည့်ဖျားခံရခြင်းဘဲဖြစ်ပါတယ်။

ဘယ်လိုမှ ဘုရားသားသမီး မဟုတ်တော့ပါဘူး။ သူ့ရဲ့မျက်နှာပေါ်မှာဆံပင်တွေ လိမ်ကွေ့ကောက်ပြီး ချထားပါတယ်။ နောက်ပြီးတော့ ဘောင်းဘီတိုတွေ ဝတ်ထားပါတယ်။လမ်းထဲမှာ လျှောက်သွားပါတယ်။ ဘုရား သားတော် အသင်းတော်ရဲ့ သင်းထောက်တရားဟောပလ္လင်ထက်ကသင်းအုပ်ဆရာ ဟုတ်ပါသလား? အဲဒီလို ဖြစ်နေပါသလား? အဲဒီ ဘုရားသား မဟုတ်ပါဘူး။ ဘုရားသခင် စဉ်းစားတဲ့စစ်တမ်းကနေပြီး ဝတ်ဆင်သူက ရောက်လာခြင်း မဟုတ်ပါဘူး။ ဘုရားသခင်က သူတို့ကို မိန်းမရဲ့အဝတ်အစားတွေမဝတ်ခိုင်းပါဘူး။ တစ်ကယ်ကို ဝတ်ခိုင်းမှာ မဟုတ်ပါဘူး။ မိန်းမတွေကိုလည်း ယောကျ်ားတွေရဲ့အဝတ်အစားတွေကိုမဝတ်ဆင် ခိုင်းပါဘူး။ အဲဒါဘုရားသား မဟုတ်ပါဘူး။ စာတန်ရဲ့သားဘဲ ဖြစ်ပါတယ်။ စာတန်ရဲ့သမီးဘဲဖြစ်ပါတယ်။ ပြောရ မှာ အလွန်ခက်ခဲတဲ့အရာတွေဘဲ ဖြစ်ပါတယ်။

79 ၇၉။ စာတန်အောင်မြင်မှုရပြီးတော့ဒီကမ္ဘာလောကကြီးကို လှည့်ဖျားပြီးတော့ အနိုင်ယူ အုပ်စိုးလိုက်ပါတယ်။ နောက်ပြီး သူ့ရဲ့နိုင်ငံတော်ဖြစ်စေပါတယ်။ လူကို ကမ္ဘာလောကကြီးထဲမှာ ထည့်ထားတာကလည်း လွတ်လပ်စွာ နဲ့ ကိုယ်စိတ်တိုင်းကျရွေးချယ်ခွင့် ပေးထားပါတယ်။ သူတို့အတွက် သူတို့ ဘယ်လို အသက်တာမျိုး ဘယ်လိုအ သက်ရှင်ခွင့်ပေးထားမလဲဆိုတာကိုပြောထားပါတယ်။ သူတို့ရဲ့ နှလုံးသားထဲမှာလည်း ဘာရှိလဲဆိုတာကို ဖေါ်ပြ နေပါတယ်။ ဘာလဲဆိုတာကိုလည်းသင်သိသလား? ခင်ဗျားရဲ့ အပြုအမူတွေဟာအရမ်းကို ကျယ်လောင်စွာ ပြောဆိုနေတဲ့ စကားလို ဖြစ်ပြီးတော့ ခင်ဗျားရဲ့ အပြုအမူကို တိမ်ဝင်သွားစေပါတယ်။

လူတစ်ယောက်ထံကို သွားပြီးတော့ ကျွန်တော်တို့အားလုံးဟာ ခရစ်ယာန်တွေ ဖြစ်ပါတယ်။ ကျွန်တော် တို့အသင်းတော်တစ်ခုထဲမှာ အသင်းသားတွေ ဖြစ်ကြပါတယ်လို့ပြောမှာဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ ရုံးခန်းထဲမှာ အဖေါ်အချွတ်ပုံတွေ အမျိုးမျိုး ချိတ်ဆွဲထားတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ သူဘာဘဲပြောပြော ကျွန်တော့်အတွက် ထူးခြားမှုကို မတွေ့ရပါဘူး။ ကျွန်တော်ပိုသိလာတဲ့အချက်ဘဲရှိပါတယ်။ ခင်ဗျားတို့လည်း သိမှာ ဖြစ်ပါတယ်။

သူမဟာ ခရစ်ယာန်တစ်ယောက်ဖြစ်တယ်လို့ မိန်းမတစ်ယောက်ကပြောမယ်ဆိုရင် နောက်ပြီးတော့ ဆံပင်က တိုတိုလေးညှပ်မယ်ဆိုရင် ဘယ်လိုဖြစ်မှာလဲ? ခင်ဗျားတို့ ဒီထက်ပိုသိမှာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။သူမက ခရစ်ယာန်ဖြစ်တယ်လို့ သူမကို ပြောစေပါ။ မျက်နှာတွေလည်း မိတ်ကပ်တွေနဲ့ ချယ်လှယ်ထားတယ်။ဆံပင် အတိုတွေနဲ့ ညှပ်ထားတယ်။ သူမကိုယ်သူမ ခရစ်ယာန်လို့ ပြောဆိုထားတယ်။ အဲဒါထက် ပိုပြီးခင်ဗျားတို့ သိပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ ဒီထက်ပိုကောင်းတာကို ခင်ဗျားတို့အတွက်သွန်သင်ပေးတာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်က သူမလုပ်နိုင်ဘူးလို့ ပြောထားပါတယ်။ အဲလိုလုပ်ပြီးတော့သူမဟာ ခရစ်ယာန် မဖြစ်နိုင်ပါဘူး။ သူမက မလေးမစား ဖြစ်ရာကျပါတယ်။ ဘုရားသခင်က မနှစ်သက်ဖွယ်ရာအရာကိုသူ့ရဲ့ နိုင်ငံတော်မှာ ဘယ်လိုထားမှာ ဖြစ်ပါသလဲ။ လုံးဝမထားပါဘူး။ သူတို့ကိုယ်တိုင်လည်းသူတို့ရဲ့ဆန္ဒတွေကို ဖော်ပြပါတယ်။

80 ၈၀။ ဂျိုးငှက်တစ်ကောင်နဲ့လဒတစ်ကောင် အတူတူစားသုံးလို့မရပါဘူး။ အတူတကွ အစာကို ယှဉ်တွဲစားသုံး လို့မရပါဘူး။ လုံးဝမရပါဘူး။ဂျိုးငှက်မှာ သဲခြေရည်မရှိပါဘူး။ သူသည် ပုပ်သိုးနေတဲ့အသေကောင်ရဲ့အစာကို မစားနိုင်ပါဘူး။သူအဲဒါကို ကိုက်စား လိုက်ပြီဆိုရင်ဘဲ သူအသက်အန္တာရယ် ရှိပါတယ်။ သူအဲဒါကို သိပါတယ်။ဒါပေမဲ့လည်း လဒကတော့ သူစားချင်တဲ့အရာ ဘယ်ဟာကိုဘဲဖြစ်ဖြစ် သူစားနိုင်ပါတယ်။ သူမှာသဲခြေတွေများ စွာရှိပါတယ်။

ကျွန်တော်တို့ ရှာဖွေတွေ့ရှိရတဲ့အရာကတော့ကမ္ဘာ လောကကြ်ီး ဟာ ယနေ့ ကဲ့သို့ဘဲဖြစ်ပါတယ်။ ထို နည်းအတိုင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာအဝတ်ချည်းစီးဖြစ်တယ်။ မျက်စိကွယ်တယ်။ ပြ်ီးတော့သူတို့မသိကြပါ ဘူး။

81 ၈၁။ စာတန်အဲလိုလုပ်ခြင်းဟာအမျိုးသမီးက အသိပညာကို လောဘကြီးခြင်း ကြောင့်ဖြစ်ပါတယ်။ လိင်မှု ကိစ္စအတွက်လည်း ဖြစ်ပါတယ်။သူမနှစ်သက်တဲ့ရွေးချယ်မှုကို သူမရွေးချယ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဧဝက လည်း အာဒံကိုလမ်းမှားကို ပို့ဆောင်ပေးပါတယ်။ အမျိုးသမီးက သူမရဲ့ အဝတ်အစားတွေကို အားလုံး ချွတ်ချလိုက်တယ်။ အာဒံရဲ့ရှေ့မှာဘဲ ချွတ်ချလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါအမျိုးသမီးတွေ အမြဲတမ်းဘဲလုပ်တဲ့အ ရာတွေဘဲ ဖြစ်ပါတယ်။ အမြဲတမ်းဘဲ ဖြစ်ပါတယ်။ အမြဲတမ်းဘဲ အဲဒီနည်းလမ်းအတိုင်းဘဲဖြစ်နေပါတယ်။

အဲဒါက အသင်းတော်က လူကို လမ်းမှားရောက်စေခြင်းဘဲဖြစ်ပါတယ်။ဒါကတော့ အသင်းတော်ဘဲဖြစ် ပါတယ်။ အသင်းတော်ကလူကို ဘုရားသားဖြစ်စေဖို့ လမ်းပြပို့ဆောင်လိုပါတယ်။အဲဒါကတော့ အမျိုးသမီးအ သင်းတော်ဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ မဟုတ်ပါဘူး။ ဘုရားသခင်မဟုတ်ပါဘူး။သမ္မာကျမ်းစာက လူယော ကျ်ား ဖြစ်တဲ့အတွက်ဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်က လူဇာတိကို

ခံယူပြီးတော့သူကလူ ယောကျ်ားဖြစ်လာ ပါတယ်။ သမ္မာကျမ်းစာက လူယောကျ်ားဖြစ်ပါတယ်။ အသင်းတော်က အမျိုးသမီးဘဲဖြစ်ပါတယ်။ သမ္မာကျမ်း စာက လူယောကျ်ားကို လမ်းမှားကို ရောက်စေပါတယ်။ အသင်းတော်က သူကိုလမ်းမှားရောက်အောင်ဦးဆောင်သွားပါတယ်။ အသင်းတော်နဲ့သူက အဝတ်ချည်းစီးဖြစ်သွားပါတယ်။ သမ္မာကျမ်းစာနဲ့ဖြစ်ခြင်းမဟုတ်ပါ ဘူး။ တကယ်ကို မဟုတ်ပါဘူး။ ကျမ်းစာက သူသည်အဝတ်အချည်းနီးဖြစ်တယ်ဆိုပြီးတော့သူကိုဖော်ပြပါ တယ်။

လိင်မှုကိစ္စအားဖြင့် လိင်မှုကိစ္စပေါ်မှာဆန္ဒရှိခြင်းအားဖြင့် သူမကအသိပညာကို လောဘတက်ပါတယ်။ ဒါဘာလဲဆိုတာကို သူမသိချင်ပါတယ်။ဒီအသီးဟာ ကောင်းသလား၊ မကောင်းသလား၊ သူမ သိချင်ပါတယ်။

82 ၈၂။ တနေ့သောအခါမှာဘုရားသခင်ကပြန်လည်သိမ်းဆည်းတော့မှာဖြစ်ပါတယ်။ လူယောကျ်ားအား ဖြင့်ဖြစ်ပါတယ်။ လူမိန်းမကတော့အဆုံးပေးခဲ့ပါတယ်။ လူယောကျ်ားက ကယ်တင်ပါတယ်။ အဲဒီလူယောကျ်ား ကတော့ သခင်ယေရှုခရစ်တည်းဟူသောနှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။

အဲဒါဘာလဲ။ နိဂုံးချုပ်မဲ့အရာမှာ သတိပြုကြည့်ပါ။သိပ်မကြာသေးတဲ့ အချိန်ကာလမှာ ကျွန်တော်ဒီအ ကြောင်းအရာကို ပြောခဲ့ပါတယ်။ ကျွန်တော်မှာစာမျက်နှာ လေးငါးမျက်နှာလောက် ကျန်နေပါသေးတယ်။ ကျမ်းချက်များနှင့် တခြားအရာတွေဖြစ်ပြီးတော့ကျွန်တော်အဲဒီကျမ်းချက်တွေကို ရှယ်ညွှန်းချင်တဲ့အရာတွေဖြစ် ပါတယ်။ ဒါပေမဲ့လည်း နားထောင်ပါ။ ကျွန်တော်တို့နိဂုံးချုပ်တဲ့အခါမှာ ဒီလိုပြောပြီးတော့ နိဂုံးချုပ် ချင်ပါတယ်။

83 ၈၃။ သိပ်မကြာသေးခင်ကခင်ဗျားတို့ကိုတံပိုး (၇)လုံး အကြောင်း ပြောပြပါတယ်။ တံပိုးပွဲတော်အကြောင်း လည်း ပြောပြပါတယ်။ ကျွန်တော် ဘာပြောလဲဆိုတော့ စရက် ပွဲတော်ရှိတယ်လို့ပြောပါတယ်။ (၇)ရက်မြောက် နေ့ကတော့နောက်ဆုံးနေ့ဖြစ်ပါတယ်။ အဲဒါကတော့ မိလေနိကာလဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း (၈) ရက်ပွဲ တော်ရှိပါတယ်။(၈)ရက်မြောက်ဖြစ်ပြီးတော့ အဲဒီမှာ (၇) ရက်ဘဲရှိပါတယ်။ (၇)ရက်ဘဲရှိပြီးတော့ ပထမဦးဆုံးနေ့ရက်ဖြစ်အောင် ပြန်လည်ပြုလုပ်မှာ ဖြစ်ပါတယ်။ ပထမဦးဆုံးနေ့ကို ပြန်လည် ရောက်ရှိလာမှာဖြစ်ပါတယ်။ မိလေနိကာလ ပြီးဆုံးသွားတဲ့အခါမှာ တဖန်ပြန်လည် ပြီး ဧဒင်ဥယျာဉ်ကြီးကို ပြန်လည်တည်ထောင်အုန်းမှာဖြစ် ပါတယ်။ ဘုရားသခင်ရဲ့ ကြီးမြတ်တဲ့နိုင်ငံတော် ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပါတယ်။သခင်ယေရှုက စာတန် ကို တိုက်ထုတ်လိုက်တဲ့အတွက် ဒီဂေသရေမန်ဥယျာဉ်ကြီးထဲမှာ ဧဒင်ဥယျာဉ်ကြီးကိုအနိုင်ပြန်လည်ရရှိမှာ ဖြစ် ပါတယ်။ ကိုယ်တော်ရှင်က သွားပြီးတော့ အဲဒီမှာ ပြင်ဆင်ပေးပါတယ်။တဖန်ပြန်လာမှာဖြစ်ပါတယ်။ ကောင်း ကင်မှာ ပြန်ပြီးတော့ တက်သွားရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူတဲ့အတိုင်းဘဲသင်တို့စိတ်နှလုံးပူပန် ခြင်းမရှိကြနှင့်လို့ ဆိုထားပါတယ်။

84 ၈၄။ သူဒီကမ္ဘာလောကကြီးမှာရှိနေချိန်ခါမှာ ဘာပြောလဲဆိုတော့ ခင်ဗျားတို့ ဂျူးတွေ ခင်ဗျားတို့ဘုရားကို ယုံကြည်ကြတယ်။ယခုအခါမှာ ကျွန်တော်သိတဲ့အရာကတော့ ကျွန်တော်နာမည်ဆိုးရနေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဒါဖြစ်တယ်။ဟိုဟာဖြစ်တယ်။ တခြားဟာဖြစ်တယ်စသည်ဖြင့် ပြောပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားတို့ ဘုရားကိုယုံကြည်ပါတယ်။ဘုရားကိုယုံကြည်တဲ့အတွက် ကျွန်တော်ကိုလည်း ယုံကြည်ပါလို့ ပြောချင်ပါတယ်။ ကိုယ်တော်ရှင်ကဘုရားဘဲဖြစ်ပါတယ်။ ဖော်ပြခြင်းခံရတဲ့ဘုရား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်တော်ကိုယုံကြည်ရမှာဖြစ်ပါတယ်။

85 ၈၅။ ငါ့အဖ၏အိမ်တော်၌အခန်းများစွာ ရှိတယ်လို့ ကိုယ်တော်ပြောပါတယ်။ တနည်းအားဖြင့်ပြောရမယ်ဆို ရင် ခမည်းတော်ရဲ့စီးပွားရေးမှာငါခမည်းတော်ရဲ့ အစီစဉ်တွေထဲမှာ နန်းတော်တွေများစွာ ရှိပါတယ်။ ငါသွားပြီး တော့ ပြင်ဆင်ပေးမယ်လို့ဆိုပါတယ်။ ဘယ်လောက်ရှည်လျားပါသလဲ။ မိုင်ပေါင်းစတုရန်း ၁၅၀၀၀ ကျော်နေပါ တယ်။ ဘယ်နေရာမှာရှိလဲဆိုတာကိုလည်းပြောပါသလား။ သူသွားပြီးတော့ ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။ သူသည် ဖန်ဆင်းရှင် ဖြစ်ပါတယ်။ အဲဒီရွှေတွေအားလုံးကို ဖန်ဆင်းပါတယ်။ လမ်းတွေကလည်း ဖောက်တွင်းမြင် နိုင်တဲ့လမ်းတွေဖြစ်ပါတယ်။ သူဖန်ဆင်းရှင် ဖြစ်ပါတယ်။ သူကနေရာကို ပြင်ဆင်ပေးထားပါတယ်။ ဗျာဒိတ် ကျမ်း၂၁မှာ သူပြောထားတာကတော့ ငါယောဟန်က သန့်ရှင်းသောမြို့တော်ကိုတွေ့တယ်။ ယေရုရှလင်မြို့တော်ကို ကောင်းကင်နိုင်ငံက ဘုရားသခင်က ဆင်းသက်လာတယ်လို့ ဆိုထားပါတယ်။

အဲဒီမှာ ပင်လယ်တွေ မရှိတော့ပါဘူး။ ပထမကောင်းကင်နဲ့ပထမမြေကြီးက မရှိတော့ပါဘူး။ ကျွန်တော် တို့ရဲ့ပထမဆုံး ကောင်းကင်တွေက ဘာတွေလဲ? မိလေနိကာလဘဲ ဖြစ်ပါတယ်။ ပထမဆုံး မြေကြီးကဘာလဲ? ဒီဟာဘဲဖြစ်ပါတယ်။ အဲဒါကိုပြန်လည် ပြင်ဆင်မွန်းမံခြင်းဘဲ ဖြစ်ပါတယ်။ နောဧအားဖြင့် ဗတ္တိဇံခံသကဲ့သို့ဘဲ ဖြစ်ပါတယ်။သူ့ရဲ့ဟောပြောတဲ့နေ့ရက်တွေမှာ ခရစ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်စေခြင်းဘဲ ဖြစ်ပါတယ်။ကိုယ်တော်ရှင်ရဲ့အသွေးတော်ကို ဖြန်းလိုက်တဲ့အခါမှာ အသစ်တစ်ဖန် ပြန်လည် ပြင်ဆင်ခြင်းဖြစ်သွားပါတယ်။ ရောဂါပိုးတွေအားလုံး ဖယ် ရှားလိုက်တယ်။ အသစ်တစ်ဖန် ပြင်ဆြင်ပီးတဲ့အချိန်မှာနောက်ဆုံးအချိန်ရောက်မှာ ဖြစ်ပါတယ်။ မီးဗတ္တိဇံ ဖြစ်ပါတယ်။ အဲဒါတွေအားလုံးက ရောဂါပိုးတွေ၊အနာရောဂါတွေ၊ ဖျားနာခြင်းတွေ ညစ်ညူးခြင်းတွေအားလုံးကို ကမ္ဘာလောကကြီးပေါ်မှာ ဆေးကြောပြီးတော့ပိုးတွေအားလုံးကို နှိုက်ယူလိုက်မှာ ဖြစ်ပါတယ်။

86 ၈၆။ သူမကပေါက်ထွက်လာမှာ ဖြစ်ပြီးတော့ အဲဒီအချိန်မှာ မြေကြီးအသစ်ပေါ် ထွက်လာမှာ ဖြစ်ပါတယ်။ ကောင်းကင်အသစ်နဲ့မြေကြီးအသစ်ကိုငါမြင်တယ်။ ပထမကောင်းကင်နဲ့ ပထမမြေကြီးက ပျောက်ကွယ်သွား တယ်။ ပင်လယ်တွေလည်းမရှိတော့ဘူး။ ယောဟန်တွေ့တဲ့ သန့်ရှင်းသောမြို့တော်၊ သန့်ရှင်းသော ယေရှုရှ လင်၊ ကောင်းကင်ကနေပြီးတော့ဘုရားသခင်ထံကနေ ဆင်းသက်လာပါတယ်။ အဲဒီနေရာမှာ ဘုရားသခင်က သူ့ရဲ့စစ်မှန်တဲ့ သွင်ပြင်လက္ခဏာတွေနဲ့ရှိနေမှာ ဖြစ်ပါတယ်။ သန့်ရှင်းစွာနဲ့ဘဲ မိဿဟာယဖွဲ့နိုင်မှာ ဖြစ်ပါတယ်။ သူတို့ရဲ့မျက်လုံးတွေဟာအပြစ်ကို မမြင်ဘဲနဲ့ အပြစအ် တကွ ် သူတို့ မျက်စိတွေဟာ ကွယ်နေမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီးတော့ အပြစ်လုံးဝ မရှိတော့ပါဘူး။

ကျွန်တော်တို့ ကြိုးစားကြပါစို့။ ဒီနေ့ရက်ကာလမှာလှည့်ဖျားခြင်း မခံပါနဲ့။ ဒါပေမဲ့လည်း ဂိတ်တံခါးကနေ ဝင်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

အပြင်မှာ ကျန်ခဲ့တဲ့သူတွေကတော့ လောဘလွန်ကျူးတဲ့သူတွေမတရားမှု တို့နဲ့ ဒုစရိုက်သမားတွေဘဲဖြစ် ပါတယ်။ မိန်းမတစ်ယောက်ကို တပ်မက်တဲ့စိတ်နဲ့ကြည့်မယ်ဆိုရင် သူမရဲ့စိတ်နှလုံးအားဖြင့် ပြစ်မှားမိပြီလို့ဆို ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့မကောင်းမှုဒုစရိုက်ဖြစ်တဲ့အမျိုးသားတွေ၊ အမျိုးသမီးတွေအားလုံးကို နိုင်ငံ တော်ပြင်ပကိုမောင်းထုတ်ထားမှာ ဖြစ်ပါတယ်။

ကယ်တင်ခြင်း ရပြီးသားသူတွေ သိုးသူငယ်ရဲ့အသက်စာစောင်ထဲမှာစာရင်း ဝင်တဲ့သူတွေ သူတို့သာလျှင် ဂိတ်တံခါးထဲကို ဝင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့မိတ်ဆွေများ ကြိုးစားကြည့်ပါ။ နောက်ဆုံးသော ဒီနေ့ ရက်ကာလမှာ လှည့်ဖျားခြင်း မခံကြပါနဲ့။

87 ၈၇။ ဒီဟာကအင်မတန် ကြီးမားတဲ့အချိန်ဘဲ ဖြစ်ပါတယ်။ လူတိုင်းက ငွေရှိပါတယ်။ လူတိုင်းက အဲဒါကိုလုပ်နိုင်ပါတယ်။ လူတိုင်းက ဟိုဥစ္စာကိုလည်း လုပ်နိုင်ပါတယ်။ ငွေကတော့ နည်းမျိုးစုံနဲ့ စီးဝင်နေပါတယ်။ကားအ ကြီးတွေ အရာခပ်သိမ်းဘဲ ဖြစ်ပါတယ်။ အဲဒီအရာတွေအားလုံး ဘာတစ်ခုမှ မြို့တော်ထဲမှာရှိမှာမဟုတ်ပါဘူး။ ကားတစ်စီး လေယာဉ်ပျံတစ်စီးတောင်ရှိမှာ မဟုတ်ပါဘူး။ လုံးဝခြားနားတဲ့ လူ့အဖွဲ့အစည်းတစ်ခုဘဲဖြစ်ပါ တယ်။ တစ်ဖန်ပြန်ပြီးတော့ အဲဒီလူ့အဖွဲ့အစည်းက လူရဲ့အသိပညာအားဖြင့် တည်ဆောက်ထားတာမဟုတ်ဘူး။ သိပ္ပံပညာအားဖြင့်လည်း မဟုတ်ဘူး။ နောက်ပြီးတော့ ဘာအတွက်လဲဆိုတော့ အပြစ်ကင်းစင်ခြင်းဖြစ်ပြီးတော့ အသက်ရှင်တော်မူတဲ့ ဘုရားသခင်ကို ယုံကြည်ခြင်းဘဲ ဖြစ်တယ်။

ကျွန်တော်တို့ အဲဒီအထဲကို ဝင်နိုင်အောင်လို့ကြိုးစားကြပါစို့။ အဲဒါကတော့ ဒီအရာတစ်ခုလုံးအတွက် ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ဘဲ ဖြစ်ပါတယ်။တစ်နေ့သောအခါမှာ အဲဒီမြို့တော်ထဲကို ကျွန်တော်တို့ ဝင်ရောက် ကြဘ့ုဲဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ကျွန်တော်တို့ ပြန်လှည့်ကြည့်ကြတဲ့အခါမှာ ကျွန်တော်တို့နဲ့အတူ ပါလာ တဲ့အရာက ဘာလဲဆိုတော့ခင်ဗျားတို့အားလုံး ချီတက်ပြီးတော့ သီချင်းဆိုပြီးတော့ လာမဲ့အရာဘဲ ဖြစ်ပါတယ်။ သူတော်စင်တွေသီချင်းဆိုပြီးတော့ချီတက်စေခြင်းဘဲဖြစ်ပါတယ်။ သူတော်စင်တွေ သီချင်းဆိုပြီးတော့ ချီတက် နေတဲ့အချိန်မှာကျွန်တော်တို့လည်း ပါဝင်ချင်ပါတယ်။ ဆုတောင်းကြပါစို့။

88 ၈၈။ ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊နေ့ရက်ကာလတွေဟာ နီးကပ်လာတဲ့အခါမှာ ကျွန်တော်တို့ တွေ့မြင်ရပါတယ်။ ကိုယ်တော်ရှင်ဂတိတော်လည်းနီးစပ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆုတောင်းမှာ ဖြစ်ပါတယ်။ အိုအဖဘုရားသခင် ကိုယ်တော်ရှင်ဟာကျွန်တော်တို့ စိတ်နှလုံးထဲမှာ အပြစ်မလုပ်ဘို့အတွက်အ မှားအယွင်းမရှိဘို့အတွက် ကိုယ်တော်ရှင်မစတော်မူပါ။ ကျွန်တော်တ့ုိရဲ့ဩတ္တပ္ပစိတ်တွေကို လုံးဝကြည်လင်သန့် ရှင်းစေပါ။ ကျွန်တော်တို့ရဲ့စိတ်နှလုံးတွေကို ဖုံးအုပ်ထားပါ။ လောကအရာတွေကနေပြီးတော့ ကျွန်တော်တို့ရဲ့ မျက်လုံးတွေကိုဖုံးကွယ်ထားပါ။ ဒီလောကနဲ့ဆိုင်တဲ့ ကြီးမားတဲ့အရာတွေကို ကျွန်တော်တို့ မမြင်နိုင်အောင်မစတော်မူပါ။ တစ်နေ့သောအခါမှာ ကျွန်တော်တို့ဟာ တစ်ကယ်ကို ကြီးမားတဲ့ ဘုန်းထင်ရှားဘို့အတွက်ဖြစ်စေပါ။

ဘယ်လောက်ဘဲ သူတို့က ကြီးမားမြင့်မြတ်ပါစေ၊ဘုရင်တွေအားလုံး၊ အုပ်ချုပ်သူတွေအားလုံး အာဏာ ရှင်တွေအားလုံး၊ ဧကရာဇ်တွေအားလုံး အားလုံးကပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ သူတို့တစ်ဖန် ပြန်လည် ပေါ်ထွက်လာမှာ မဟုတ်တော့ပါဘူး။ ပထမအကြိမ် ထမြောက်ခြင်းကလည်း သူတို့ပြန်လည်ထမြောက်မှာ မဟုတ်ပါဘူး။ ကျမ်းစာရေးသားထားတာကတော့ပထမအကြိမ်ထမြောက်မဲ့အခါမှာ ပါဝင်မဲ့သူက သန့်ရှင်းပြီး တော့ ဘုရားကောင်းချီး ခံစားရမဲ့သူဖြစ်မှာဖြစ်ပါတယ်။ ဒုတိယသေခြင်းက သူတို့ကိုအနိုင်မယူနိုင်ပါဘူး။ အို ဘုရားသခင် ဒုတိယသေခြင်း၊ဝိညာဉ်ရေးရာသေခြင်း ဖြစ်ပါတယ်။ အဲဒါက တန်ခိုးမရှိပါဘူး။ သူကကယ်တင် ခြင်းခံရပြီး ဖြစ်ပါတယ်။

89 ၈၉။ အိုဘုရားသခင် ဒီအချိန်ကာလတွေကို စဉ်းစားတဲ့အခါမှာ တစ်စုံတစ်ယောက်သောသူက သွား ရောက်ပြီးတော့တွေ့ဆုံမှာ ဖြစ်ပါတယ်။ ပြီးလ့ုိရှိရင် အထက်ကို ချီဆောင်ခြင်းခံရမှာ ဖြစ်ပါတယ်။ အိပ်ယာထဲမှာနှစ်ယောက်ထဲက တစ်ယောက်ဟာ ချီဆောင်ခြင်းခံရမယ်။ နောက်တစ်ယောက်က ကျန်ရစ်မှာ ဖြစ်ပါတယ်။ကွင်းထဲမှာ နှစ်ယောက်ရှိတဲ့အခါ တစ်ယောက်ကို ချီဆောင်ပြီးမှ နောက်တစ်ယောက်က ကျန်ခဲ့မှာဖြစ်ပါတယ်။

အိုဘုရားသခင် ကျွန်တော်တို့ကို သန့်ရှင်းစေအောင်မစတော်မူပါ။ ကိုယ်တော်ရှင် ရှေ့မှောက်မှာ သန့်ရှင်းစင်ကြယ်စေတော်မူပါကိုယ်တော်၊ လူတွေဟာကျွန်တော်တို့ကို ဘယ်လိုဘဲ ထင်မြင်ယူဆပါစေ၊ တခြား လူတွေ ဘယ်လိုဘဲ ပြောပါစေ။ ကိုယ်တော်ရှင်ကျွန်တော်တို့ကိုသန့်ရှင်းစေပါ။ ကျွန်တော်တို့ရဲ့စကားပြောဆိုမှု တွေကိုလည်း သန့်ရှင်းစေတော်မူပါ။ ဘုရားသခင်နှုတ်ကပတ်တော်နဲ့ ကိုက်ညီစေနိုင်ဘို့ မစတော်မူပါ။ အချိန်အ ခါ လိုက်ပြီးတော့ပြောဆိုတတ်ဘို့ကိုလည်း မစတော်မူပါကိုယ်တော်ရှင်၊ ကျွန်တော်တို့အထဲမှာ ကွယ်ဝှက်ထား တဲ့မကောင်းတဲ့အရာ ဘာတစ်ခုမှ မရှိပါဘူး။ ကျွန်တော်တို့ ဆုတောင်းတဲ့အခါမှာ ကျွန်တော်တို့ရဲ့အမှားအယွင်းတွေ သခင်ယေရှုရဲ့အသွေးတော်နဲ့ ကိုယ်တော်ရှင်နဲ့ ကျွန်တော်တို့ကြားမှာ အသွေးတော်ရှိနေပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့ကို သခင်ယေရှုရဲ့အသွေးတော်အားဖြင့် ငုံ့ကြည့်လိုက်မှာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖြောင့်မတ်ခြင်းများအပေါ်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဘာလဲဆိုတာ ဖြစ်နေတဲ့အပေါ်မှာ မဟုတ်ပါဘူး။ ကျွန်တော့်ိ ု လုပ်ခဲ့တဲ့အရာတွေအပေါ်မှာမဟုတ်ပါဘူး။ သူ့ရဲ့ကောင်းမှု ကုသိုလ်တွေအားဖြင့် ဖြစ်ပါတယ်။ ဘုရားသခင် မစတော်မူပါ။

90 ၉၀။ ဒီညဒီမှာထိုင်နေတဲ့သူ တစ်ယောက်မကျန် ဒီသတင်းစကားကို ကြားပြီးတော့ သူတို့တစ်ယောက်မှ ပျက်စီးခြင်း၊ဆုံးရှုံးခြင်းကို မဖြစ်စေနိုင်ဘို့ ပျောက်ဆုံးခြင်းလမ်းကို မသွားရဘ့ုိ အငယ်ဆုံးကလေးကနေစပြီးတော့ အကြီးဆုံးကလေး အသက်အကြီးဆ့ုံ အဖိုးကြီး အဖွားကြ့ုီများအထိ တစ်ယောက်မှ ဝိညာဉ်မဆုံးရှုံးစေနိုင်ဘ ိ့ု မစတော်မူပါ။ သူတို့ရဲ့ သန့်ရှင်းတဲ့ဆန္ဒတွေက ဘုရားသခင်နဲ့သူ့ရဲ့နှုတ်ကပတ်တော်အတွက်ဘဲဖြစ်စေ ပါ။ ကိုယ်တော်ရှင် ဘယ်အချိန်ကြွလာမလဲဆိုတာ ကျွန်တော်တို့ မသိပါဘူး။

ဒါမှမဟုတ်အဲဒီအချိန်နာရီမှာ ဘယ်အချိန်နာရီမှာ ကိုယ်တော်ရှင် ကျွန်တော်တို့ကို လာခေါ်မလဲဆိုတာကိုလည်းကျွန်တော်တို့ မသိပါဘူး။ တရားစီရင်ခြင်း ခံရမဲ့ ကျွန်တော်တို့ မသိပါဘူး။ ကိုယ်တော်ရှင်ဘယ်အချိန်မှာ ကြွလာမလဲဆိုတာလည်း မသိပါ ဘူး။ ကျွန်တော်တို့ရဲ့ကဒ်ပြားတွေကိုလည်း ဘယ်အချိန်ယူဆောင်မလဲဆိုတာမသိပါဘူး။ အခု အိမ်ပြန် လာရမဲ့ အချိန်ရောက်ပါပြီ။ သင်သွားရမဲ့အချိန် ဖြစ်ပါတယ်။ ဘုရားသခင်ကျွန်တော်တို့ သန့်ရှင်းစင်ကြယ်စေဘ့ို ကျွန်တော်တို့ကို မစတော်မူပါ ကိုယ်တော်၊

ဖြစ်နိုင်ရင် ကိုယ်တော်ရှင် ကြွလာတော်မူတဲ့အချိန်အထိကျွန်တော် အသက်ရှင်ချင်ပါတယ်။ အရာခပ် သိမ်းကို ကျွန်တော်တို့အားနဲ့ ကျွန်တော်တို့ လုပ်လိုပါတယ်။မေတ္တာ၊ နားလည်မှုတို့နဲ့ လုပ်ချင်ပါတယ။် ကိုယ်တော်ရှင်ဟာ ကမ္ဘာကြီးကို ယနေ့ရှာဖွေနေတယ်ဆိုတာကိုလည်းနားလည်မှုနဲ့ ကျွန်တော်တို့ လုပ်ချင်ပါ တယ်။ ပျောက်ဆုံးနေတဲ့ သိုးတိုင်းကို ကျွန်တော်ရှာချင်ပါတယ်။ ကျွန်တော်တို့ သူတို့ကို စကားပြောတဲ့အခါမှာ သူ့အချိန်ကာလနဲ့ ကိုက်ညီပြီးတော့ဆုတောင်းခြင်း၊ မေတ္တာ၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်တွေနဲ့ ပြောဆို နိုင်ဘို့ မစတော်မူပါ။နောက်ဆုံးတစ်ယောက်ကို ကျွန်တော်တို့ ရှာဖွေတွေ့နိုင်တဲ့အထိ မစတော်မူပါ။ အဲဒါမှ ကျွန်တော်တို့အိမ်ပြန်တဲ့အခါမှာ ကောင်းမွန်စွာ ပြန်ပြီးတော့ စာတန်ရဲ့ဒေင်ဉယျာဉ် ဟောင်းကြီးထဲကနေပြီးတော့ ကျွန်တော်တို့ ထွက်ခွာနိုင်ဘို့ ကျွန်တော်တို့ကို မစတော်မူပါကိုယ်တော်။

91 ၉၁။ အဲဒါတွေအကုန်လုံးဟာ လုပတဲ့မိန်းမတွေအပေါ်မှာ တည်ဆောက်ပါတယ်။ ကမ္ဘာပေါ်မှာ လောကကြီး ပေါ်မှာခေါ်ဆိုတဲ့စကားဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့ကြော်ငြာတွေလည်း အဲဒီမှာ ရှိနေပါတယ်။ ကျွန်တော်တို့ကြော်ငြာပါတယ်။ ယောကျ်ားလေးတွေကိုလည်း ကျွန်တော်တို့ဆီကိုလာပြီးတော့ သူတို့မျက်နှာကိုလိမ်းချယ် ဘို့လုပတဲ့ မိန်းကလေးတွေလည်း တိုနန့်နန့်တွေ ဝတ်ဆင်ဘို့ ကျွန်တော်တို့ ကြော်ငြာပါတယ်လို့ကြော်ငြာ ထားတဲ့ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေ ရှိပါတယ်။ ညစ်ညူးမှုမျိုးစုံနဲ့ ဟောလီးဝုဒ်တို့ညစ်ညူးဘွယ်ကောင်းတဲ့ လိင်ဆိုင်ရာတွေ ညစ်ညူးတဲ့ အဝတ်အစားတွေ အမျိုးသမီးတွေ ရှိနေပါတယ်။အမျိုးသားတွေကလည်း ပြောင်းလဲပြီးတော့ အမျိုးသမီးတွေရဲ့ ပုံစံတွေကို ယူပါတယ်။ မိန်းမတွေလိုသူတို့ဆံပင်တွေကို ညှပ်ပါတယ်။ မိန်းမတွေကလည်း ယောကျ်ားတွေလို သူတို့ဆံပင်တွေကို ညှပ်ပါတယ်။182 အိုဘုရားသခင် ကျွန်တော်တို့အသက်ရှင်နေစဉ်အချိန်မှာ မည်မျှ ကြောက်မက်ဖွယ်ကောင်းတဲ့အချိန် ဖြစ် ပါသလဲ? အို ကြွလာတော်မူပါကိုယ်တော်။ သခင်ယေရှုဘုရားကြွလာတော်မူပါ။ ကိုယ်တော်ရှင်ရဲ့ အသွေးတော် နဲ့ကျွန်တော်တို့ကို ဆေးကြောတော်မူပါ။ ညစ်ညူးမှုတွေအားလုံးကိုယူဆောင်ပြီးတော့ ကျွန်တော်တို့နဲ့ ဝေးကွာ စေတော်မူပါ။ ကျွန်တော်တို့ကို အသက်ရှင်ခွင့်ပေးတော်မူပါကိုယ်တော်၊ ကျွန်တော်တို့ဟာ အသွေးတော်ရဲ့ အောက်မှာ အသက်ရှင်ခွင့်ရနိုင်ဘို့ မစတော်မူပါ။အမြဲတမ်း ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ ရှိနိုင်ဘို့ မစတော်မူပါ။ ကျွန်တော်တို့ရဲ့နှလုံးသားဆန္ဒတွေဘဲ ဖြစ်ပြီးတော့ ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲနဲ့ ဆုတောင်း တဲ့ဆုတောင်းသံတွေဘဲ ဖြစ်ပါတယ်။

92 ၉၂။ အိုအဖဘုရားသခင်ယနေ့ည ဒီခုံတန်းတွေပေါ်မှာ လဲလျောင်းနေတဲ့သူတွေ အဲဒီအပေါ်မှာ ဇဝ်ဂေလိ တရားကို ချပေးတော်မူပါ။အဲဒီမှာ ကျွန်တော်တို့ လက်ကိုင်ပု ဝါလေးတွေနဲ့ အထုပ်ကလေးတွေ ချထားပါတယ်။ အဲဒါဖျားနာသူတွေနဲ့စိတ်နှလုံး ရှုပ်ထွေးနေတဲ့သူတွေအတွက်ဘဲ ဖြစ်ပါတယ်။ ယုံကြည်ခြင်းအားဖြင့် ဆုတောင်း နိုင်ဘို့မစတော်မူပါ။ ကျွန်တော်တို့ စိတ်နှလုံးတွေကနေပြီးတော့ ကွာကျသွားနိုင်အောင် မစတော်မူပါ။ကိုယ်တော်ရှင် ရှေ့တော်မှာ မသန့်ရှင်းတဲ့အရာတွေ ကျွန်တော်တို့အထဲမှာ ရှိမှာပါကိုယ်တော်။အဲဒါတွေအားလုံး ကို ထုတ်ယူပါ။ ကျွန်တော်တို့ကိုယခုဘဲ တရားစီရင်တော်မူပါ။ ကျွန်တော်တို့ကရုဏာတော်အတွက် အသနားခံ ပါတယ်။ ကျွန်တော်တို့ မှားယွင်းတယ်ဆိုတာ ကျွန်တော်တိုကို ဖေါ်ပြတော်မူပါကိုယ်တော်၊ကျွန်တော်တို့ ဆုတောင်းပြီးတော့ အသွေးတော်ကို ယူပြီးတော့ ကျွန်တော်တို့ကို သန့်ရှင်းစေတော်မူပါ။ဒီဖျားနာတဲ့သူတွေ ကိုလည်း အနာရောဂါငြိမ်းစေတော်မူပါကိုယ်တော်၊ ဘယ်နေရာ ဘာဘဲဖြစ်ဖြစ်သူတ့ို ုသွားတဲ့အခါမှာ သူတို့နဲ့အ တူ ပါရှိတော်မူပါကိုယ်တော်၊

93 ၉၃။ ကိုယ်တော်ရှင်ကိုအစေခံလိုတဲ့ စိတ်နှလုံး ကျွန်တော်တို့ကို ပေးတော်မူပါကိုယ်တော်။ ကိုယ်တော်တစ် ပါးတည်းကိုသာအစေခံလိုတဲ့စိတ်ကို မစတော်မူပါကိုယ်တော်၊

ဒီလူတွေကို လုံခြုံမှုပေးတော်မူပါ ကိုယ်တော်၊အခု သူတို့ အိမ်ပြန်မဲ့လမ်းမှာ ကိုယ်တော်ရှင် သူတို့ကို စောင့်ရှောက်တော်မူပါ။

ကိုယ်တော်ရှင်ကို ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ရှင်ဟာလူများကို အနာရောဂါငြိမ်းစေပါတယ်။ စစ္စတာရဲ့ဖတ်နဲ့ ဘရာသာရဲ့ဖတ်တို့ သားလေးဘိုင်စကယ်ပေါ်မှာထိခိုက်နာကျဉ်သွားပါတယ်။ ကျွန်တော် ဆု တောင်းပေးတဲ့ အရာကတော့ ဒီကလေးငယ်မှာ ဘာမကောင်းမှု၊ နတ်ဆိုးဝိညာဉ်ဆိုးတွေ မထိခိုက်နိုင်ဘို့ သူ့ရဲ့ ဘိုင်စကယ်ကို သူစီးသွားတဲ့အခါမှာ ဘာမှမဖြစ်ဘို့ကျွန်တော် ဆုတောင်းပါတယ်။ ကျွန်တော်တို့ ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ရှင်အနာရောဂါ ငြိမ်းစေဘို့အတွက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခြားသော သူများအတွက် ဆုတောင်းပေးတဲ့အခါမှာကိုယ်တော်ရှင် နားညောင်းပြီးတော့ အနာရောဂါတွေကိုငြိမ်းစေလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆုတောင်းတဲ့အခါမှာ ကျွန်တော်တို့ ရတယ်ဆိုတာကို သိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဂတိတော်နဲ့တည်တဲ့ကိုယ်တော်ရှင်အပေါ်မှာ ကျွန်တော်တို့ ယုံကြည်စိတ်ချလို့ဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ရဲ့ကျေးဇူးတော်ကို ကျွန်တော်တို့အပေါ်မှာသက်ရောက်စေတော်မူပါ။ ကျွန်တော်တို့အပြစ် များကို ခွင့်လွှတ်တော်မူပါ။ သခင်ယေရှုနာမဌ်ကျွန်တော်တို့ ဆုတောင်းပါတယ်။ အာမင်။

94 ၉၄။ ကိုယ်တော်ကိုချစ်ပါသလား? ပရိတ်သတ်ကလည်းအာမင်လို့ ပြန်ဖြေပါတယ်။ (အယ်ဒီတာမှတ်ချက်) ကိုယ်တော်ကို ယုံကြည်ပါသလား? အာမင်။ စာတန်ရဲ့ နိုင်ငံတော်အတွက် သင်တို့ဟာစိတ်ပျက်မောပန်းနေ ပါသလား? အာမင်။ မိလေနိကာလကိုရောက်လာပြီဆိုတာ ယုံကြည်ပါသလား?ကိုယ်တော်ရှင်ရဲ့ မိလေနိကာ လ၊ ကိုယ်တော်ရှင်ရဲ့ဒေင်ဘဲ ဖြစ်ပါတယ်။ အာမင်။

ဒီနေ့အကောင်အထည်ဖေါ်တယ်ဆိုတာကို သင်တို့ယုံကြည်ပါသလား? ကြည့်ပါ။ အားလုံးဟာပညာ တွေအပေါ်မှာဘဲ ရပ်တည်နေပါတယ်။

အားလုံးဘဲ ဖြစ်တယ်။ အရာခပ်သိမ်းဘဲ ဖြစ်ပါတယ်။ သိပ္ပံနည်းကျသက်သေပြရမှာ ဖြစ်ပါတယ်။ သူတို့မယုံကြည်မှီဘဲ ဖြစ်ပါတယ်။ 190 သိပ္ပံနည်းကျ သင်ဘုရားသခင်ကိုသက်သေမပြနိုင်ပါဘူး။ ကိုယ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာလက် ခံနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ထံတော်ကို လာတဲ့ သူဟာ ကိုယ်တော်ရှင် ရှိတယ်ဆိုတာကို ယုံကြည်ရမှာ ဖြစ်ပါတယ်။ကိုယ်တော်ရှင်က မိမိကို စိတ်နှလုံးအကြွင်းမဲ့ ရှာဖွေတဲ့သူကို ချီးမြှောက်မှာ ဖြစ်ပါတယ်။191 အို ဘုရားသခင၊် ကျွန်တော်ဘာကိုမှ မသိချင်ပါဘူး။ ဒါပေမဲ့လည်း သခင်ယေရှုခရစ်တော်ရဲ့ အသွေး တော်အားဖြင့် ကျွန်တော်တို့ကိုအပြစ်မှဆေးကြောတဲ့အကြောင်းဘဲ သိချင်ပါတယ်။ ကျွန်တော် ဘာမှမသိပါ ဘူး။ ဒါပေမဲ့လည်း ယေရှုခရစ်ကိုဘဲသိပါတယ်။ ရှေးကာလက ပေါလု ဆိုသကဲ့သို့ဘဲ ဒီနေ့ညလည်း ကျွန်တော် ဆို ချင်ပါတယ်။ သင်တို့နဲ့ပတ်သက်လို့ ကျွန်တော် ဘာမှ မသိပါဘူး။ သခင်ယေရှု ကယ်တင်တယ်။ သူကား တိုင်ပေါ်မှာ အသေခံတယ်ဆိုတဲ့အကြောင်းကိုဘဲ သိပါတယ်။

95 ၉၅။ ကျွန်တော်သိသမျှအားလုံး ခင်ဗျားတို့ကိုပြောပြပါတယ်။ ဒီသမ္မာကျမ်းစာ ကျွန်တော့် စိတ်နှလုံးအကြွင်းမဲ့ယုံကြည်တယ်။ ကျွန်တော့်နှလုံးသားကို ကျွန်တော်သိတယ်ဆိုရင် ဒီနှုတ်ကပတ်တော်က ဘုရားသခင်ရဲ့စ ကားဖြစ်ပြီး လုံးဝရောစပ်မှု မရှိပါဘူး။ နှုတ်ကပတ်တော်အားဖြင့် ကျွန်တော် အသက်ရှင်ပါတယ်။ဒီနှုတ်က ပတ်တော် အားဖြင့်ဘဲ ကျွန်တော် ရပ်တည်ပါတယ်။ ကျွန်တော့်မှာ အသက်ပေါင်း တစ်သောင်းရှိမယ်ဆိုရင်လည်း ဒီနှုတ်ကပတ်တော်အတွက်ဘဲ ကျွန်တော် ပေးဆပ်လိုပါတယ်။ အဲဒီ ဒီနှုတ်ကပတ်တော် သခင်ယေရှုရဲ့နှုတ်ကပတ်တော် အတွက်ဘဲ ဖြစ်ပါတယ်။ ဘယ်လောက်ဘဲ သူတို့က နှုတ်ကပတ်တော်ကို သိပ္ပံနည်းကျစစ်ဆေးပြီးတော့ မမှန်ကန်ဘူးလို့ ပြောဆိုပါစေ သူတို့ပြောဆိုချက်တွေကို ယုံကြည်စိတ်ချရမှာမဟုတ်ပါဘူး။ ကျွန်တော့်အတွက်တော့ ကမ္ဘာလောကကြီးမှာ ကျွန်တော် အယုံြကည်ရဆုံး တစ်ခုတည်းသောအရာဖြစ်ပါ တယ်။ အဲဒါကတော့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ရဲ့အရှင် ကိုယ်တော်ရှင်ကိုကျွန်တော် ပိုင်ဆိုင်ပါတယ်။ ကိုယ်တော်ကို ကျွန်တော် ချစ်ပါတယ်။ သင်တို့ကော မချစ်ပေဘူးလား? ပရိတ်သတ်က အာမင် လို့ ဆိုပါတယ်။ (အယ်ဒီတာမှတ်ချက်)

96 ၉၆။ သင့်စိတ်နှလုံးထဲမှာအပြစ်ရှိတယ်ဆိုရင် သင့်နှလုံးသားထဲမှာ အပြစ်တွေအများကြီး ပြည့်ဝနေတယ် ဆိုရင် တစ်ခုခုရှိနေမယ်ဆိုရင်အခုဆုတောင်းပြီးတော့ ဘုရားသခင်ထံက ခွင့်လွှတ်ခြင်း ကိုရယူဘို့တောင်းဆိုပါ။ သင်တို့ ကျွန်ုပ်အတွက်ဆုတောင်းပေးပါ။ ကျွန်ုပ်ကလည်း သင်တို့အတွက် ဆုတောင်းပေးပါမယ်။ ဘုရားကောင်းချီးပေး ပါစေ။ အဲဒါကျွန်တော့်ဆုတောင်းချက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တ့ို ပြန်လည်ဆုံတွေ့တဲ့အထိ ဘုရားသခင် သင်တို့နဲ့အတူရှိပါစေ။194 တစ်ယောက်ကိုတစ်ယောက်သင်တို့ချစ်ကြပါသလား? ပရိတ်သတ်ကလည်းအာမင်လ့ိုဖြေပါတယ်။ အယ်ဒီတာမှတ်ချက်။ ယောဟန်က ဘာပြောလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက်ချစ်ကြပါလို့ ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ချစ်ခြင်းမေတ္တာဟာ အပြစ်ထုထည်ကြီးမားလှစွာကိုဖုံးအုပ်သွားနိုင်လ့ိုဘဲ ဖြစ်ပါတယ။် ယခု ကျွန်ုပ်တ့ိုတစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြပါစို့။ကျွန်တော်တို့ ပြန်လည်ဆုံတွေ့တဲ့အထိ ဘုရားသခင် သင်တို့နဲ့အတူ ရှိပါစေ။ 195 တစ်ယောက်နဲ့တစ်ယောက်ကရုဏာထားကြပါ။ လူတိုင်းအပေါ်မှာ ကရုဏာ ထားပါ။ သင့်ပတ်ဝန်းကျင် မှာရှိတဲ့သူတွေကိုလည်းကောင်းမွန်စွာဆက်ဆံပါ။ သခင်ယေရှုကြွလာတဲ့အထိ မိမိကိုယ်ကိုမိမိ အပြစ်လုံးဝ အပြစ်အနာအဆာနဲ့ကင်းရှင်းစေပါ။ ကျွန်တော်တို့ ပြန်လည်ဆုံတွေ့တဲ့အထိ ဘုရားသခင် သင်နဲ့အတူ ရှိပါစေ။

97 ၉၇။ ကိုယ်တော်ကိုသင်တို့ချစ်ကြပါသလား? ပရိတ်သတ်က အာမင်လို့ဆိုပါတယ်။အဲဒါ ကျွန်တော့်ရဲ့ ဆု တောင်းချက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်အတွက် သင်တို့ဆုတောင်းပေးပါ။သင်တို့အတွက်လည်း ကျွန်တော်ဆု တောင်းပေးပါမယ်။ ကျွန်တော် အခုဘဲ တူလ်စန်ကို သွားရမှာဖြစ်ပါတယ်။ ခင်ဗျားတို့အားလုံးကို ဘုရားသခင် ကောင်းချီးပေးဘ့ို ကျွန်တော် ဆုတောင်းပေးပါတယ်။အဲဒီကနေပြီးတော့ ကျွန်တော် ကနေဒါကို သွားရမှာ ဖြစ် ပါတယ်။ နောက်ပြီးတော့ ကော်လိုရာဒိုကိုသွားရမှာ ဖြစ်ပါတယ်။ ပတ်ပြီးတော့ ပတ်ပြီးတော့ သွားရမှာဖြစ်ပါ တယ်။ ဘရာသာတိုနီက အဲဒီကိုရောက်နေပါတယ်။ အင်မတန် ကြီးမားတဲ့အရာ ဖြစ်ပျက်ခဲ့ပါတယ်။ ရောမမှာရှိ တဲ့ဗာတီကန်မှာ သူတ့ိုနှီးနှောရေးအစီအစဉ်ရှိပါတယ်။ စည်းဝေးပွဲကြီးလုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီကို သွားရမှာ ဖြစ်ပါတယ်။အဲဒီ ရောမမှာ နှီးနှောရေး ပြုလုပ်ဖို့ဘဲ ဖြစ်ပါတယ်။ သူ မကြာခင်ကဘဲ ပြန်ရောက်ပါ တယ်။လူတွေအားလုံး စုရုံးနေကြပါတယ်။ အဲဒီမှာ အင်မတန် ကျယ်ပြန့်တဲ့ အားကစား ကွင်းကြီးရှိပါတယ်။ထိုင်ခုံပေါင်း ထောင်နဲ့ချီပြီး ရှိပါတယ်။ အဲဒီ နှီးနှောရေးအစီအစဉ်ကို သူတို့က ကျွန်တော့်ကိုလာစေချင်ပါတယ်။ သာသနာလုပ်ငန်းမှာ ဘုရားသခင် ဘုန်းထင်ရှားတာကို သူတို့ကြည့်ချင်ပါတယ်။ကျွန်တော်လည်း မသိပါဘူး။ ကျွန်တော် ဆုတောင်းဘို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့ကိုဘာပြောမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဆုတောင်းရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အတူတကွ ဆုတောင်းကြမှာ ဖြစ်ပါတယ်။

ကိုယ်တော် ရှင်ကြွလာမှာကို ကျွန်တော်တို့ မျှော်ကြည့်လျှက်ရှိပါတယ်။

သဘော်သဖန်းရွက်တွေ အခုအခါမှာ စိမ်းနေပါ တယ်။

ကိုယ်တော်ရှင် နိုင်ငံတော်ရဲ့ ဧဝံဂေလိတရားဟာနိုင်ငံတိုင်းကို ပြန့်နှံ့သွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ အဆုံးရောက်တော့မယ်ဆိုတာကိုတွေ့မြင်နေရပါတယ်။

အဲဒါမှန်ပါသလား? ပရိတ်သတ်ကလည်း အာမင်လ့ိုဆိုပါတယ်။

ဝမ်းမြောက်စွာနဲ့ဘဲကျွန်တော်တို့ဟာ ကိုယ်တော်ရှင်ရဲ့ သတင်းစကားပေါ်ထွက်လာမှာကို စောင့်မျှော်နေကြပါတယ်။

မကြာခင် ကိုယ်တော်ရှင် ဘုန်း ထင်ရှားလျှက် ကြွလာမှာ ဖြစ်ပါတယ်။

တစ်ယောက်ကနေ အားလုံးကိုပြောဘို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ သန့်ရှင်းသူအားလုံးကနေပြီးတော့

အဆုံးရောက်တော့မယ်ဆိုတာကိုကြိုဆိုကြရတော့မှာ ဖြစ်ပါတယ်။

ဘာ ကြောင့် အိပ်ပျော် ငိုက်မြည်းနေရမှာလဲ?

98 ၉၈။ သူမကအနောက်ဖက်ကို လှည့်ပြီးတော့ တစ်ဖန်ပြန်လှည့်လာဦးမှာ ဖြစ်ပါတယ်။ ဒီနေ့ရက်ကာလတွေ ကိုသတိရပါ။ သူမသေချာပါတယ်။ အမှန်အကန်ဘဲ ဖြစ်ပါတယ်။

ယေရှုနာမကို သင်နဲ့အတူ ဆောင်ယူပါ။

ဝမ်းနည်းခြင်း အမင်္ဂလာတို့ရဲ့သားသမီး

သင့်ထံကို ဝမ်းမြောက်ခြင်းနဲ့ နှစ်သိမ့်ခြင်းတို့ရောက်ရှိလာမှာ ဖြစ်ပါတယ်။

ယူဆောင်ပြီးတော့ သင်ဘယ်နေရာသွားသွား ယူဆောင်သွားပါ။

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

ယေရှုနာမ၌ ခေါင်းငုံ့လျှက်ရှိတယ်။

ကိုယ်တော်ရှင် ခြေတော်ရင်း၌ ပြပ်ဝပ်လျှက်ရှိတယ်။

ကောင်းကင်ရဲ့ဘုရင်အဖြစ် ကိုယ်တော်ရှင်ကိုကျွန်တော်တို့ သရဖူဆောင်းပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ လမ်းခရီး ပြီးဆုံးတဲ့အခါမှာ

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

99 ၉၉။ နောက်ဆုံးအပိုဒ်သီချင်းလေးကိုကျွန်တော်တို့ ခေါင်းလေးတွေ နှလုံးသားတွေ နှိမ့်ချခြင်းနဲ့ ဆုတောင်း ကြပါစို့။ ယေရှုနာမကိုသင်နဲ့အတူယူဆောင်ပါ။ ဒိုင်းလွှားအဖြစ်နဲ့ ကာကွယ်ပါ။ စုံစမ်းနှောက်ယှက်ခြင်းတွေ သင့်အနားကို စုရုံးလာတဲ့အခါမှာဒီအရာတွေအားလုံးဟာ စာတန်ရဲ့ နိုင်ငံကဘဲ ဖြစ်တယ်။ ကိုယ်တော်ရှင်ကို ဆုတောင်းခြင်းနဲ့နာမတော်ကို ယူဆောင်ပါ။ အဲဒါ အားလုံးဘဲဖြစ်တယ်။နောက်ပြီးတော့ ကျွန်တော်တို့ လျှောက်ထွက်သွား နိုင်ပါတယ်။ အလုပ်ဖြစ်ပါ တယ်။ ကျွန်တော်ကြိုးစားခဲ့ပြီ ဖြစ်ပါတယ်။ ယုံကြည်ပါ။ အလုပ်ဖြစ်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နာမတော်ကို ဆုတောင်းခြင်းနဲ့ ကိုယ်တော်ရှင်ရဲ့ သန့်ရှင်းသော နာမတော်ကို အတူသွင်းပါ။ ယေရှုနာမသင်နဲ့အတူရှိ တယ်။ စုံစမ်းခြင်းတွေအားလုံးကို ကာကွယ်မဲ့ ဒိုင်းလွှားသဖွယ် သင့်အနားမှာရှိနေတယ်။ အဲဒီအခါမှာ သင်ဘာလုပ်မလဲ?ကိုယ်တော်ရှင်ရဲ့မြတ်နာမကို ဆုတောင်းခြင်းနဲ့ ရှုသွင်းမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာသင့် မျက်နှာကို ပုဝါနဲ့ ဖုံးအုပ်မှာ ဖြစ်ပါတယ်။

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊202 အခုကျွန်တော်တို့ ခေါင်းငုံ့ပါစို့။ဘရာသာဘီးလယ် ပြန်ရောက်လာပါပြီ။ ပလက်ဖောင်းပေါ်ကိုလာပါ။ ဘရာသာဗရမ်ဟမ် သီချင်းကလေးကိုညီးပါတယ်။ သီချင်းကတော့ ယေရှုမြတ်နာမကို ဆောင်ယူခြင်းဘဲဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ရဲ့မြတ်နာမကို ဆုတောင်းခြင်းနဲ့ ရှုသွင်းပါ။ ဘရာသာဘီးလယ်ကျွန်တော် တို့ ကို ဝတ်ပြုစည်းဝေး ရုပ်သိမ်းပေးပါ။ ဆုတောင်းခြင်းနဲ့ ရုပ်သိမ်းပေးပါ။

မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် ရွှင်မြူးရာ၊

100 ၁၀၀။ ခေါင်းငုံ့လျှက်ကျွန်တော်တို့နှလုံးသားတွေလည်း နှိမ့်ချလျှက် ဘရာသာ ဘီးလယ်၊ ကျွန်တော်တို့ရဲ့အ ဘော်အပေါင်းတွေထဲကတစ်ယောက်ဖြစ်ပါတယ်။ ဘရာသာအက်စတာဘီးလယ်၊ သူကတော့ အင်မတန်မှ သစ္စာရှိပြီး ကောင်းမြတ်တဲ့ခရစ်ယာန်တစ်ယောက် ဖြစ်ပါတယ်။ ဒီပရိတ်သတ်ကို အိမ်ပြန်ဘို့အတွက် ဝတ်ပြု စည်းဝေးရုပ်သိမ်းဘို့အတွက် သူ့ကို ကျွန်တော် တောင်းခံပါတယ်။ ဒီညဆုတောင်းပေးပါ။ ဘုရားကောင်းချီး ပေးပါစေ။ဘရာသာဘီးလယ်။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

## ဝီလီယမ်မာရီယမ် ဗရမ်ဟမ်

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)